ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
e – paper ဖတ်ရှုရန်


ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ခမ္မပဒ–၇၆)

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 12 September 2026 ၁၂၉၉

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ



ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ်၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး(Peace Palace)ရှိ အစည်းအဝေးခန်းဦး နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်က ကြိုဆိုနှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

ဒဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ပေးနိုင်

စာမျက်နှာ » ၉

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေး

စာမျက်နှာ » ၁၀

ချင်းပြည်နယ်အတွင်း၌ သိပ္ပံကျောင်းများမှ တစ်ဆင့် ကောလိပ်/တက္ကသိုလ် အဆင့် မြှင့်တင်ရေး၊ Polytechnic သိပ္ပံနှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၁၈

System Breakdown ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြား

နေပြည်တော် စက်တင်ဘာ ၁၁

အကြမ်းဖက်သမားများ၏ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့် အခြေအနေတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများ ပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ■



လွိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာစျေးသစ် တတိယပိုင်းတည်ဆောက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။

လွိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာစျေးသစ် တတိယပိုင်း တည်ဆောက်မှုကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်မည်

လွိုင်ကော် စက်တင်ဘာ ၁၁

လွိုင်ကော်မြို့ရှိ အဆင့်မြင့်သီရိမင်္ဂလာစျေးသစ် တတိယပိုင်းတည်ဆောက်နေမှုကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ စျေးသစ်၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ၂၂၅ ပေ x ပေ ၃၀ Steel Structure နှစ်ထပ်စျေးရုံများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

“စုံ”/“မ” ရက်စနစ် - QR Code သတ်မှတ်ချက်နှင့်အညီ စက်သုံးဆီအရောင်းဆိုင်များတွင် ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိ



စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် QR Code သတ်မှတ်ချက်ဖြင့် ရောင်းချပေးနေမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးအတွက် “စုံ”ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် “မ”ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန်ထုတ်ပြန်ခဲ့သည့်ပြည်သူ့အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပယ်ဖျက်ခဲ့ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းစနစ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော “စုံ”/“မ” ရက်စနစ်– QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ပြည်သူများ လူမှုစီးပွားအဆင်ပြေစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး

ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များကို အချိန်နှင့်အမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသများ အေးချမ်းသာယာဝပြောရေးအတွက် ဒေသအလိုက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် အကြမ်းဖက်အဖျက်သမားဒေသင်းကျန်းသူများက ဒေသများ တည်ငြိမ်အေးချမ်းမှုပျက်စီးအောင်၊ အများပြည်သူ ဆင်းရဲဒုက္ခရောက်အောင် တစိုက်မတ်မတ်လုပ်ကိုင်လျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ယိုယွင်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးစေရန်ရည်ရွယ်လျက် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အများပြည်သူအသုံးပြုနေသည့် အခြေခံအဆောက်အအုံများ၊ လမ်းများ၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေး၌၊ ဆေးခန်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှောတိုက်ခိုက်မှုများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ ဒရုန်းများအသုံးပြု၍ ဗရောဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာနေသောလမ်းများပေါ်သို့တက်၍ ဆက်ကြေးကောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများ ပြုလုပ်လျက်ရှိသည်။ တပ်မတော်အနေဖြင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်တိုက်ဖျက်နိမ်နင်းလျက်ရှိပြီး ပြည်သူများ၏အကျိုးစီးပွားများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေးသည် အရေးကြီးသောအချက်ဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်ရည်ရွယ်လျက် အဖျက်အမှောင့်လုပ်ရပ်များကို အဆက်မပြတ်လုပ်ကိုင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရွှေကျင်-သာယာကုန်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကို ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်ဓာတ်အားပေးတာဝါတိုင် ၁၁ တိုင် ပြိုလဲပျက်စီးခဲ့သည်။ ကျယ်ပြန့်သောနေရာများတွင် ခက်ခက်ခဲခဲတည်ဆောက်ထားသော တာဝါတိုင်များ ပြိုလဲသွားသောကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြို့နယ်အများအပြား လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် နေ့စဉ် လူမှုဘဝအမျိုးမျိုးတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက ဖြစ်ပွားလျှင်ဖြစ်ပွားချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစောင့်အရောက်ကိုရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဝန်ထမ်းအင်အား ၃၀၀ နှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် စွန့်လွှတ်စွန့်စားကာ မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်အပြင် ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြုပြင်ပြောင်းလဲ ချိတ်ဆက်နိုင်မှုကြောင့် စုစုပေါင်း မဂ္ဂါဝပ် ၈၀ ခန့်အထိ တစ်ရက်လျှင် ယူနစ် ၃ သန်း၂ ဒသမ ၂ သန်းကို နိုင်ငံတော်ဓာတ်အား စနစ်အတွင်းသို့ တိုးမြှင့်ပို့လွှတ်ပေးနိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အချိန်တိုကာလအတွင်း အများပြည်သူအကျိုးစီးပွားကို ချက်ခြင်းဖျက်ဆီးခဲ့သော်လည်း နိုင်ငံတော်အနေဖြင့် အများပြည်သူအကျိုးစီးပွားကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် အချိန်များစွာ၊ ဘဏ္ဍာငွေများစွာ အကုန်အကျခံပြီး ခက်ခက်ခဲခဲ စွန့်စွန့်စားစား ပြန်လည်တည်ဆောက်ပေးခဲ့ရသည်။ ကြိုးစားပမ်းစား ပြန်လည်တည်ဆောက်ပေးနိုင်သည့် ဓာတ်အားပမာဏသည် တစ်ရက်လျှင် လူဦးရေ ၃ ဒသမ ၅ သန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ရန်ကုန်မြို့တွင် တစ်ရက်လျှင် ၈ နာရီခန့်၊ ဝန်အားထိန်းညှိ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် မလိုတော့ဘဲ စက်တင်ဘာလ ၉ ရက်နေ့မှစတင်၍ ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ချိန်မှအပ ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ဖျက်ဆီးခဲ့သည့် ဓာတ်အားလိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်ကူညီဖြည့်ဆည်းပေးမှုပြည်သူလူထု၏ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမှုများဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးစီးလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုတိုးတက်သုံးစွဲနိုင်မည်ဖြစ်၍ လျှပ်စစ်ဓာတ်အားစနစ်ကြီးတစ်ခုလုံး လုံခြုံစိတ်ချပြီး လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် အဖျက်လုပ်ရပ်များကို ပိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မိုးညိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

မိုးညို စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာနေ တောင်သူ ဒေါ်လှနွယ်၏ လယ်မြေ၌ စိုက်ပျိုးထားသော မိုးစပါး စိုက်ကေ ငါးဧကတွင် အောင်နိုင်တိုးစပါးမျိုးဖြင့် စိုက်ပျိုးထားသည့် စပါးခင်းရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုအထွက်နှုန်း ၁၁၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

(၁၁-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၀၄၈,၅၀၅.၁၅	၁၁,၀၉၁,၈၁၃.၃၇	၁၂,၉၇၅,၆၃၆.၃၅	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၁ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၁ - ၉ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၅၀၀	၁၈,၀၀၀	၂၀၉	၃,၈၇၇,၅၀၀
MTSH	၈,၉၀၀	၈,၆၀၀	၄,၈၈၉	၄၂,၄၅၅,၈၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၆၀၀	၇,၈၅၀,၀၀၀
FPB	၆,၉၀၀	၆,၈၀၀	၁,၈၄၆	၁၂,၇၉၃,၁၀၀
TMH	၃,၃၅၀	၃,၃၅၀	၄၀၀	၁,၃၄၀,၀၀၀
EFR	၁,၈၅၀	၁,၉၀၀	၁,၄၄၃	၂,၆၆၉,၆၀၀
AMATA	၄,၃၀၀	၄,၉၀၀	၄၅	၂၀၂,၃၀၀
MAEX	၆,၇၀၀	၆,၇၀၀	၂၁၂	၁,၄၂၀,၄၀၀
MADPL(PLB)	၆,၅၀၀	၆,၅၀၀	၄၄၅	၂,၈၉၂,၅၀၀
ASPGB(PLB)	၆,၇၀၀	၆,၆၀၀	၃,၃၂၆	၂၂,၁၀၁,၈၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာဆာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်		ခိုင်သန္တာရွှေ့၊ ခင်ယုဆွေ့၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့် အချိန်တွင် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက် ခိုင်မာလာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ကို အခိုင်အမာပြောကြားလို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး (Peace Palace) သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ကကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် အတူ ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် သမ္မတကြီး အနေဖြင့် တစ်ကြိမ် လာရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် အဆွေတော်၏ ကူညီဆောင်ရွက်ပေးမှုများကို လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် နိုင်ငံရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖနောင်ပင်မြို့၏ မြို့ပြစနစ်တကျ ခေတ်မီ တိုးတက်လာမှုများကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးတို့အတွက် မြန်မာ ပြည်သူများအပေါ် လူသားချင်း စာနာထောက်ထားသည့် စိတ်၊ မိတ်ဆွေကောင်းဝိသသည့် စိတ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ပေးအပ်ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိ၏ နိုင်ငံတော်အဖြစ် စေလွှတ်ပေးသည့်အတွက် အသိအမှတ်ပြု ဝမ်းမြောက်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့် အချိန်တွင် ကမ္ဘောဒီးယား - မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက် ခိုင်မာလာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ကိုလည်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ ရှေ့မှောက်တွင် တာဝန်ရှိသူများက နှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။

မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ ယနေ့ နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်

သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံမှ အထူးကိုယ်စားလှယ်စေလွှတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရမှု အပေါ် အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက် လှိုက်လဲစွာ ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ ပထမပိုင်းနှင့် တတိယပိုင်းကို ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များကို လေ့လာသူ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံ အကြား ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်း ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက်ရှင်းလင်းဆောင်ရွက်လျက်ရှိမှုနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိမှု၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံ

စာမျက်နှာ ၄ သို့ »»

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော် (Solidarity Palace)၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌနှင့် အတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တည်ဂူးခိုရာဟိုတယ်မှ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော်သို့ထွက်ခွာရာ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့် ပန်းစည်းများ ကိုင်ဆောင်ဝှေ့ယမ်း၍ လည်းကောင်း၊ ကင်းထောက်လူငယ် မောင်မယ်များက အလေးပြု၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ နှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထို့အချိန်တွင် ဂုဏ်ပြုစစ်တီးပိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ကြသည်။


ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

စာမျက်နှာ ၅ သို့ ✣





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»» **စာမျက်နှာ ၃ မှ**

တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန် မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာသဘောတူစာချုပ်၊ အခွန်နှစ်ထပ် ကျသင့်မှုမှရှောင်ရှားရေး သဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ လိုက်ပါ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်နှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်း အကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက် ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်နှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေနှင့် ပတ်သက်၍ ရင်နှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

✣ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌတို့သည် ပြီမ်းချမ်းရေးနန်းတော် (Puthi Chey Hall)၌ တွေ့ဆုံဆွေးနွေးကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံက လှိုက်လှဲစွာနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက တွေ့ဆုံမှုများရှိခဲ့ပြီး ယခုကဲ့သို့ အဆွေတော်နှင့် ထပ်မံတွေ့ဆုံရသည့်အတွက်လည်း များစွာဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဘုရင်မင်းမြတ်အနေဖြင့် ပြည်ဝယ်ခရီးစဉ်ရောက်ရှိနေသဖြင့် မိမိမှ ၎င်း၏ကိုယ်စား အဆွေတော်အား ယခုကဲ့သို့ ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အနေဖြင့် မြင်တွေ့နေရပါကြောင်း၊ ယခုအဆွေတော်၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ကုန်သွယ်မှုနှင့်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်နှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ရင်နှီးပွင့်လင်းစွာ ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ပြည်ပတိုးတက်မှုနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သာယာမှုကို သတိပြုမိပါကြောင်း၊ အဆွေတော်၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လနှင့် နိုင်ငံကို ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်မှုများအတွက်လည်း ချီးကျူးပါကြောင်းနှင့် အဆွေတော်အတွက် ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာ စိတ်ဖြင့် အစဉ်တစိုက်အားပေးထောက်ခံမှုများနှင့် မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှုများအပေါ် အထူးအလေးထားစိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ပြည်ပ ဘုရင်မင်းမြတ်နှင့် မယ်တော်မိဖုရားကြီးကိုလည်း နှုတ်ခွန်းဆက်သပါကြောင်းနှင့် ခရီးစဉ် ဖိတ်ကြားမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို အဆွေတော်မှ တစ်ဆင့် စကားပါးလိုပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်သည့် ခရီးစဉ်ဖြစ်သည့်အပြင် မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်သည့် ပထမဆုံးသောခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ရောက်ရှိချိန်တွင် ဖန္ဒမ်းပင်မြို့၏ အုံသြဖွယ်ရာ ဖွံ့ဖြိုးသည်ကိုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌အဆွေတော်၏ လမ်းညွှန်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက အရေးပေါ် ရန်ပုံငွေပေးပို့ကူညီခဲ့သည်ကို အထူးပင် ကျေးဇူးတင်အမှတ်ရနေပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ခဲ့ရာမြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ပြီး မိတ်ဆွေကောင်းပီသစွာ ဖေးမကူညီခဲ့သည့်အတွက် အမြဲကျေးဇူးတင် အမှတ်ရလျက်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဥပဒေပြုရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့်တွေ့ဆုံပြီး မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေး မဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှည်လျားကောင်းမွန်လျက်ရှိမှုအခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်များ ထိစပ်နေသည့် နိုင်ငံများမဟုတ်ကြသော်လည်း ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအရတူညီသည့်ဆက်နွယ်မှုများရှိပြီး နှစ်နိုင်ငံဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေ၊ မြန်မာ – ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ဒေသတွင်းနှင့်နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ရပ်တည် ထောက်ခံလျက်ရှိမှုအခြေအနေ၊ အစိုးရအဖွဲ့အစည်းများအကြား သာမက တပ်မတော်နှစ်ရပ်အကြားနှင့် ပြည်သူများအကြားတွင်လည်း ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (Joint Commission for Bilateral Cooperation– JCBC)ကဲ့သို့ ယန္တရားများကို ပြန်လည် စတင်ဆောင်ရွက်သွားနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်အတွက် အလားအလာ ကောင်းများရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည် ဆိုပါက ကြီးမားသည့်အောင်မြင်မှုများ ရရှိလာနိုင်မှု အခြေအနေ၊ နှစ်နိုင်ငံ လွတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး အပြန်အလှန်ခရီးစဉ်များ ဆောင်ရွက်သွားနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မဲခေါင် – လန်ချန်း၊ CLMV နှင့် ACMECS တို့ကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ယခုနစ်တွင် မြန်မာနိုင်ငံ အနေဖြင့် ACMECS အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း “လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ACMECS ဒေသတည်ဆောက်ခြင်း” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်း **စာမျက်နှာ ၆ သို့ ✣**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယားအမျိုးလွှတ်တော် အဆောက်အအုံအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိရာ ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တက်ရောက်

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှည်လျားသည့် ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်း တည်ငြိမ်အေးချမ်းရေးကြိုးပမ်း တည်ဆောက်ခဲ့ရမှုများ စသည်ဖြင့် တူညီကြပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်မှု အခြေအနေ၊ နှစ်နိုင်ငံသည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သမိုင်းအစဉ်အလာကြီးမားကာ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိခဲ့ကြသည့် အခြေအနေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရအဖွဲ့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်က ကမ္ဘောဒီးယားနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ကမ္ဘောဒီးယား လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာ–ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီး လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးပိုမိုတိုးတက် ကောင်းမွန်လာအောင် အလေးထား ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယား အမျိုးလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



✣ စာမျက်နှာ ၅ မှ

ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလဲလှယ်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အဆက်လွှတ်တော်(ဆီးနိုက်)ဥက္ကဋ္ဌက ငြိမ်းချမ်းရေးနန်းတော်(Aha Phirom Hall)၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိုက်)ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယား နိုင်ငံယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိုက်)ဥက္ကဋ္ဌတို့က ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိရိုဒ္ဓန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညီစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာဘက်ဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းနှီးချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဧော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုဝင်များက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ လည်းကောင်း၊ ကမ္ဘောဒီးယား အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကမ္ဘောဒီးယား ပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိရိုဒ္ဓန် သီဟာမိုနီတို့၏ ဓာတ်ပုံများ ကိုင်ဆောင်၍ ပန်းစည်းများ ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု ကြိုဆိုနှုတ်ဆက်စဉ်။





ကမ္ဘောဒီးယားပြည်သူများက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိရိုဒ္ဓန် သီဟာမိုနီတို့၏ ဓာတ်ပုံများကိုင်ဆောင်၍ ပန်းစည်းများ ဝှေ့ယမ်းကာ ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြစဉ်။

■ System Breakdown မှ

ထိုကဲ့သို့အခြေအနေတွင် ဓာတ်အားပေးစက်ရုံအများစုတည်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝန်အားသုံးစွဲမှုများပြားသည့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ဝန်အားအပြည့်ဖြင့် ဓာတ်အားပို့လွှတ်ခြင်းဆောင်ရွက်နေ၍ယနေ့နံနက် ၆ နာရီ ၂၈ မိနစ်တွင် ၂၃၀ ကေဗွီ သပြေ-တောင်တွင်းကြီး ဓာတ်အားလိုင်းသည်အပြစ်ဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းကြီးအချို့ ဖျက်ဆီးခံထားရခြင်းကြောင့် ကျန်ရှိနေသည့် ဓာတ်အားလိုင်းများပေါ်တွင်သာ ဝန်ပိုစီးဆင်းမှုထပ်ဆင့်ဖြစ်ပေါ်ရကာ ဆင့်ကဲဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝှမ်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါ ဓာတ်အားလိုင်းအပြစ်ကို ချက်ချင်းပြုပြင် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ဓာတ်အားစနစ်ပုံမှန်ပြန်လည်ပို့လွှတ်နိုင်ခဲ့သော်လည်း မွန်းလွဲ ၁ နာရီ ၂၇ မိနစ်တွင် ၂၃၀ ကေဗွီ နေပြည်တော်-တောင်တွင်းကြီး ဓာတ်အားလိုင်းတွင် အပြစ်ထပ်မံဖြစ်ပေါ်ခဲ့သဖြင့် System Breakdown ထပ်မံ ဖြစ်ပွားခဲ့သည်။

ပြင်ဆင်မှုများ ပြန်လည်ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ချိတ်ဆက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ်ပုံမှန်မောင်းနှင်ခဲ့ပါကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကြားမှ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် ပြည်သူများအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အဆင်မပြေမှုများအပေါ် သည်းခံနားလည်ပေးကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စာနာစိတ်များဖြင့် ပန်ကြားလာကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူပန်းခွေချ အလေးပြု

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် လွတ်လပ်ရေးကျောက်တိုင်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး H.E. Mr. TEA Seiha နှင့် အဆင့်မြင့်အရာရှိကြီးများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူပန်းခွေအား သယ်ဆောင်ကာ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူပန်းခွေချ၍ အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယား နန်းတွင်းရေးရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ခမည်းတော်ဘုရင် သီဟာနု၏ ရုပ်တုရှေ့တွင် လွမ်းသူပန်းခွေချ၍ အလေးပြုခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြင်သစ်အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့ခြင်းကို အထိမ်းအမှတ်ပြုရန်အတွက် လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကျောက်တိုင်၏အရှေ့ဘက်ပန်းခြံအတွင်း ခေါင်းလောင်းပုံစံမဏ္ဍပ်ကြီးအောက်တွင် ၂၀၁၂ ခုနှစ်တွင် နတ်ရွာစံခဲ့သည့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ခမည်းတော် ဘုရင် သီဟာနု (Norodom Sihanouk) ရုပ်တုကြီးကို ၂၀၁၃ ခုနှစ်တွင် ဆောက်လုပ်ထားရှိကြောင်း၊ နိုင်ငံခြား အကြီးအကဲများ၏ သံတမန်ရေးရာခရီးစဉ် အစီအစဉ်များတွင် လွတ်လပ်ရေးကျောက်တိုင်၌ လွတ်လပ်ရေးသူရဲကောင်းများကို ဂုဏ်ပြုပန်းခွေချပြီး ယှဉ်လျက်ရှိသော သီဟာနု ဘုရင်ကြီး၏ ရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တွင် ဘုရင်ကြီးအား အရိုအသေပေးသည့် ပန်းခွေကို သီးသန့် အစဉ်လိုက် သွားရောက်ချကြလေ့ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူပန်းခွေချ အလေးပြုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွမ်းသူပန်းခွေချ၍ အလေးပြုစဉ်။

❍ "စုံ"/"မ"ရက်စနစ်မှ

နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ပန်ကြီးဌာန အနေဖြင့် စက်သုံးဆီပူလုံမှုရှိစေရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်နှင့်အညီ စက်သုံးဆီများ တင်သွင်းဖြန့်ဖြူးခြင်းကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီ အရောင်းဆိုင်များတွင်လည်း လက်ရှိကျင့်သုံးလျက်ရှိသည့် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် "မ"ရက်များတွင် မနံပါတ်အက္ခရာပါသော ယာဉ်များအား QR Code၊ Barcode စနစ်များဖြင့် "စုံ"/"မ" ရက် စနစ်သတ်မှတ်ချက်အတိုင်း အခက်အခဲမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



QR Code၊ Barcode စနစ်များဖြင့် "စုံ"/ "မ" ရက်စနစ်သတ်မှတ်ချက်အတိုင်း စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီရောင်းချနေမှုကို တွေ့ရစဉ်။

❖ လွိုင်ကော်မြို့မှ

ကြည့်ရှုစဉ် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ အရည်အသွေး စစ်ဆေးရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရေး လိုအပ်သည့် လုပ်ငန်းများပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နောင်ယားစျေးတွင် ဆိုင်ခန်း ၃၂၈ ခန်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

မကွေးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာဂုဏ်တွင် မကွေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကို "ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်ကြစို့" (Global Action for A Cooler Planet) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မကွေးမြို့နှင့် မင်းဘူးမြို့တို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၃ ဦး စုစုပေါင်း ၈၅ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည်။



အဆိုပါ ဖြေဆိုနေမှုကို မကွေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ မုန့်နှင့် အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

ဒီဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ဒီဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ခံယူပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးကယနေ့ ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်ပုံစံပြောင်းလဲ၍ ပြည်သူများအား One-Stop Service ပေးအပ်နိုင်ရေး အလေးထား



ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းအားဖြင့် အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့်အပြင် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်ကိုးစားမှုကို လည်း ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ အစိုးရမှ ထုတ်ပြန်သည့် Data Set များကိုပြည်သူများ၊ လုပ်ငန်းရှင်များက တစ်နေရာတည်းမှ လွယ်ကူစွာရရှိအသုံးပြုနိုင်စေရန် Open Government Data စနစ်ကိုလည်း တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံ၏ Data-driven Innovation ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ Data Center၊ Core Network စသည့် ICT Infrastructure များနှင့် Electronic Document Management System (EDMS) ကဲ့သို့သော Common and Shared Digital Platform များကို အစိုးရတစ်ရပ်လုံးအတွက် စံစနစ်တစ်ခုတည်းဖြင့် တစ်ပြေးညီ အသုံးပြုသွားရန်ဖြစ်ကြောင်း၊ EDMS စနစ်ကို အသုံးပြုခြင်းဖြင့် Paperless စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လက်ရှိ EDMS စနစ်ကို နည်းပညာနှင့် လုံခြုံရေးအစီအမံများ အဆင့်မြှင့်တင်ခဲ့ပြီးဖြစ်သဖြင့် အစိုးရဌာနများအားလုံး တစ်ပြေးညီအသုံးပြုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသော e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဌာန အလိုက်ဆောင်ရွက်နေသော e-Government လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects- QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင် လက်မှတ်ရေးထိုးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကျော်ဟိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakun ပထမအတွင်းဝန် Mr. Amit Shreeansh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲတွင် နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh တို့က လက်မှတ်ရေးထိုးကြပြီး မီဒီယာသင်ကြားရေးစင်တာတည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနကလည်းကောင်း၊ ငလျင်ဒဏ်သင့်ကျေးလက်ဒေသများအတွက် နေရောင်ခြည်စွမ်းအင်သုံးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမမန်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက လည်းကောင်း၊ ဗဟိုသင်တန်းကျောင်းတွင် သင်ကြားရေး ကိရိယာများအဖြစ် အသုံးပြုရန် ဆောက်လုပ်ရေးစက်ယန္တရားမောင်းနှင်လေ့ကျင့်ရေးစက်နှင့် အင်ဂျင်ပုံစံငယ်ဖြတ်ပိုင်းဝယ်ယူခြင်းစီမံချက်နှင့် ဗဟိုသင်တန်းကျောင်းတွင် အသုံးပြုရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားများအတွက် စနစ်လေ့ကျင့်သင်ကြားရေးသင်ထောက်ကူပစ္စည်းဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ မာန်အောင်ရတနာဘုရား ထိန်းသိမ်းခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်းကောင်း လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

အဆိုပါစီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၄၀၀၆၈ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများ ဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ယခုလက်မှတ်ရေးထိုးသည့် QIP စီမံချက် ငါးခု အပြင် နောက်ထပ်စီမံချက် ငါးခုကိုလည်း အိန္ဒိယနိုင်ငံ အစိုးရက အကူအညီပေးအပ်မည်ဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (မော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်)ခရိုင် ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန် တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (မော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်)ခရိုင်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသည်။

ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပေးအပ်

ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးမြှင့်တင်ရေး ပွဲတော်ကို တက်ရောက်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာ ပြခန်းများနှင့် ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ။ "အသိအလိမ္မာ တိုးပွားဖို့" ခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာမ ပေါက်ပေါက်အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသံတမန်ခန်းမ၌ ရန်ကုန်မြို့အခြေစိုက် ပြင်သစ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ H.E. Mr. Rene CONSOLO နှင့် အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နွဲ့ထက်ကို(ပြန်/ဆက်)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့သည်။



စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဝမ်းရှောင်ဟုန်နှင့်အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လျန်ယွင်ကန်မြို့ရှိ Haizhou Bayview၊ Conference Center ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲနှင့် ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း အပြန်အလှန်ဆက်နွယ်မှု မြင့်တက်လာခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော် လုံခြုံရေးခြိမ်းခြောက်မှုများအပေါ် နိုင်ငံစုံနှင့် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေးချဉ်းကပ်မှုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ရပ်၊ နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုများအပေါ် အခြေခံထားကြောင်း၊ တရုတ်နိုင်ငံ၏ ဘက်စုံကျယ်ပြန့်ပြီး ရေရှည်တည်တံ့သော လုံခြုံရေးမျှော်မှန်းချက်ဖြစ်သည့် Global Security Initiative (GSI) ကို ကြိုဆိုထောက်ခံကြောင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နယ်စပ်ဒေသ ဆိုက်ဘာလိမ်လည်မှု (Online Scam) ကွန်ရက်များကို ဖြိုခွဲနိုင်ခဲ့ခြင်း၊ တရားမဝင် ဆက်သွယ်ရေးပစ္စည်းများ သိမ်းဆည်းနိုင်ခဲ့ခြင်း စသည့် လက်တွေ့ကျသော ရလဒ်များရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ နိုင်ငံဖြတ်ကျော် မှုခင်းများကို အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၀ ရက်တွင် ဆက်သွယ်ရေးစနစ်နှင့် အင်တာနက်အသုံးပြု လိမ်လည်မှုတိုက်ဖျက်ရေး နိုင်ငံတကာ မဟာမိတ်အဖွဲ့ စတင်တည်ထောင်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး Haizhou Bayview၊ Conference Center အတွင်းရှိ ပြည်သူ့လုံခြုံရေးဆိုင်ရာ နည်းပညာပြပွဲကို သွားရောက်လေ့လာခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေး ဝန်ကြီးဌာနတွေ့ဆုံခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်သော နှစ်နိုင်ငံ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လမ်းတံတား အဆင့်မြှင့်တင်ခြင်း ဆိုင်ရာကိစ္စရပ်များတွင် မူဘောင်အတွင်း ကူညီပံ့ပိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အဖြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အား စနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အား လိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံရှိ ဆီယိုစိမ့်မှုဖြစ်ပေါ်နေသော ပင်မထရန်စဖော်မာကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၁၃ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဒီမောဆိုမြို့တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများနှင့် စက်မှုဇုန်များ၌ အချိန် ၆ နာရီကြာခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၁၃၂ ကေဗွီ အနီးစခန်း ပင်မဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာ၏ Protection Relay အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၃ ရက်တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ၌ အချိန် ၂ နာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ် ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

အိုင်သပြုတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၁၁

လေးမျက်နှာမြို့နယ်တွင် ဝေနတာတမံ ထူးပေါက်၍ ရေကျော်ဝင်ရောက်မှုဖြစ်ပြီးနောက် လေးမျက်နှာမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံအပါအဝင် အိုင်သပြုတိုက်နယ်ဆေးရုံ၊ အိုင်သပြုကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ခြောက်ခု စုစုပေါင်း ၁၀ ခု ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည်။



ပြန်လည်ဖွင့်လှစ်

ယခုအခါ ရေများပြန်လည်ကျဆင်းသွားသဖြင့် အိုင်သပြုတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး လက်သမားမြန်မာကျေးလက်ကျန်းမာရေးဌာနခွဲ၊ သိမ်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကညင်သောင်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ပိန်းအင်းကျေးလက်ကျန်းမာရေးဌာနခွဲတို့အား ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ **ဘိုင်ယန်မြူးနစ်မှ**

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ မူစီယယ်လာကတစ်ဂိုး၊ ဟယ်ရီကိန်းကတစ်ဂိုး၊ ဒေးဗီးလ်ကတစ်ဂိုး၊ အိုလစ်ကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းကတော့ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်အဖြစ် ဆာဘတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းနဲ့ ဆာဘတ်အသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ကွန်ဟာ၊ ဖာနန်ဒက်ဇ်၊ ဆက်ကိုနဲ့ မာတီနက်ဇ်တို့က အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂျာမန်ဘွန်ဒက်လီဂါကလပ်လိုက်ပ်စစ် အသင်းကတော့ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ် မှာကိုမိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာ ဖြစ်ပြီး ကိုမိုအသင်းကို လေးဂိုး - တစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့ခဲ့တာလည်းဖြစ်ပါတယ်။ ဆလာယာဂရက်အသင်းနဲ့ လန်စ်အသင်း တို့ပွဲစဉ်မှာတော့ လန်စ်အသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒွေကြယ်

✱ **M-League မှ**

Falcon အသင်းအတွက် ဦးဆောင်ဂိုးများကို ၄၅၊ ၅၀ မိနစ်တွင် စိုင်းမြတ်မင်းက သွင်းယူပြီး ရှုမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုး များကို ၆၅ မိနစ်တွင် ကောင်းထက်နှင့် ၈၇ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူသည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ်(၁၄) တပ်မဟန့်ကို စက်တင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ Chinland အသင်းနှင့် မြဝတီအသင်း၊ ဗဟန်းကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ML

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် အစည်းအဝေး၏ ပူးတွဲသဘာဝတိများ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူများ သာယာဝပြောရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Shivraj Singh Chouhan နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး H.E. Francisco P. Tiu–Laurel, Jr. တို့က အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်က အတည်ပြုခဲ့သည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး ASEAN Ministers on Agriculture and Forestry (AMAF) ထုတ်ပြန်ချက်တွင် ပါဝင်သည့် ကမ္ဘာ့မသေချာမရေရာမှုများ ကြားခဲ့ စားရေရိကွာဖုလုံမှုနှင့် စိုက်ပျိုးရေး ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များကို ကောင်းမွန်စေရေးအတွက် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများက အမြင်သဘောထားများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများ၊ ရာသီဥတုဆိုင်ရာ အနှောင့်အယှက်များ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စားရေရိကွာနှင့် စိုက်ပျိုးရေးသွင်းအားစုစွေးကွက်များ၏ မတည်ငြိမ်မှုများမှ သက်ရောက်လာမည့် အကျိုးဆက်များအပေါ် ကြုံကြွံခံနိုင်မှု ရှိစေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် အဆက်မပြတ် စီးဆင်းမှုကိုမြှင့်တင်နိုင်ရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးတို့ကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဆွေးနွေးမှုများမှ (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့ပြင် (၁၀)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၈ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားရန်၊ ကျင်းပမည့် နေ့ရက်နှင့်အချိန်တို့ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ အသိပေး အကြောင်းကြားသွားရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်တောင်သူများ၊ သုတေသနပညာရှင်များ၊ လယ်သမား သာယာဝပြောရေး ဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အာသံဒေါင်းတောင်း တက္ကသိုလ်တို့အကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နှင့်ဖလုယ်ရေး နားလည်မှုစာချွန်လွှာတို့အား လက်မှတ်ရေးထိုးနိုင်ရေး၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာငါးခုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နိစ္စာန္တမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့အတူ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် သုတေသနဆိုင်ရာကောင်စီမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း၊ ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လေ့လာရေးအစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေး သုတေသနဆိုင်ရာတက္ကသိုလ်ရှိ ဖန်လုံအိမ်ဖြင့် စိုက်ပျိုးခြင်း နည်းပညာဆိုင်ရာ ဗဟိုဌာနတွင် အာဟာရရည် အပြန်အလှန် လည်ပတ်စီးဆင်းစေသော မြေမပါဘဲ ရေနှင့်အာဟာရရည်ဖြင့် သာ ဆီးချိုကျန်းမာရေးအတွက် အသုံးဝင်သော အင်ဆူလင်ပင်ကို စိုက်ပျိုးသည့် ခေတ်မီနည်းပညာ၊ လူးဆပ်စိုက်ခင်း၊ ဘာဓာတီစပါးခင်းအပါအဝင် အထွက်နှုန်းကောင်းမွန်စေရေး သုတေသနပြု စိုက်ပျိုးထားသည့် စိုက်ခင်းများ၊ အပင်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝကမ္မဗေဒဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ လက္ခဏာရပ်များ (Phenotypes)ကို စနစ်တကျ တိုင်းတာဆန်းစစ်သည့် အဆင့်မြင့် သုတေသနစင်တာ၊ အပင်အမျိုးမျိုး၏မျိုးရိုးဗီဇများကို ထိန်းသိမ်းထားသည့် မျိုးစေ့ဘဏ်တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ် “Startup Ignite Program 2026” ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်(MYANWEN)တို့ ပူးပေါင်း၍ MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေး လုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ် “Startup Ignite Program 2026” ကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစီအစဉ်တွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME တစ်ခု အောင်မြင်လာပါက အလုပ်အကိုင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး MSME များစွာအောင်မြင်လာပါက ဒေသစီးပွားရေး



တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသစီးပွားရေးများ တိုးတက်လာမှုနှင့်အတူ နိုင်ငံ့ထုတ်လုပ်မှု ပို့ကုန်နှုန်း နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် စမ်းသပ်မည့်အကြည်ဓာတ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်မည့် သတ္တိတစ်ခု ယူဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌက အစပျိုးစီးပွားရေး လုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ်-၂၀၂၆ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးမှု အစီအစဉ်များအဖြစ် တာဝန်ရှိသူများက စွန့်ဦးတီထွင်စိတ်ဓာတ်မွေးမြူခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် လုပ်ငန်းတိုးချဲ့ရန်အခွင့်အလမ်းများ၊ အစပျိုးလုပ်ငန်း စီမံခန့်ခွဲခြင်း၊ အောင်မြင်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အတွေ့အကြုံမျှဝေခြင်း ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးမှုအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအစီအစဉ်သို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များကွန်ရက်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်စွန့်ဦးတီထွင်သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၅) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁၅) ၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရုတနာသိဃ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၂၄ ဦး စုစုပေါင်း ၄၇၂ ဦး တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးစိုးတင့်က ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသားလူငယ်များ ဖြစ်စေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှိပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် သွန်သင်ဆုံးမလမ်းပြပေးကြရန် တိုက်တွန်းမှာကြားကာ သင်တန်းတွင် ထူးချွန်သူများအား ဆုများပေးအပ်သည်။

ဆက်လက်၍ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၉)မှ သင်တန်းသား သင်တန်းသူများ၏ စစ်ရေးပြလေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး တက္ကသိုလ်



အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယမန်နေ့ကလည်း တက္ကသိုလ်၏ စီမံ/ဘဏ္ဍာဌာနနှင့် သင်တန်းရေးရာဌာနတို့တွင် ရုံးလုပ်ငန်းများ၊ ဖိုင်တွဲစနစ်များ၊ ဝင်ငွေ၊ ထွက်စာများ စနစ်တကျ ဆောင်ရွက်ထားမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) ခရီးစဉ်လာရောက်

နေပြည်တော် စက်တင်ဘာ ၁၁

အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) လာရောက်သည့် အိန္ဒိယလေတပ်မှ အရှေ့ပိုင်း လေတပ်ဌာနချုပ်မှူး Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယစစ်သံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။



အဆိုပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး လေတပ်စခန်းဌာနချုပ်မှူးက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံပြီး နှစ်နိုင်ငံလေတပ် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နှားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး အထိမ်းအမှတ် လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက် လေ့လာခဲ့ကြပြီး Park Royal Hotel ၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အလုပ်သဘောနွေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ခရီးစဉ်အတွင်း အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ နေပြည်တော် ကောင်စီနယ်မြေရှိ ဥပုါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်စျေး၊ ဇောနဂူဂဗိမာန်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ စစ်သံမှူးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) သွားရောက်ကြည့်ရှုစစ်ဆေး

တောင်ကြီး စက်တင်ဘာ ၁၁

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း(တောင်ကြီး)တွင် ရက်ကန်းသင်တန်းသား သင်တန်းသူများ အထည်ရက်လုပ်နေမှုနှင့် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်နေမှုကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဖြည့်ဆည်းဆောင်ရွက်

ကြည့်ရှုစဉ် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ ဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အရာထမ်း၊ အမှုထမ်းများ အားလုံးက ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရှိ ဓာတ်ခွဲခန်း၊ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းသား သင်တန်းသူများ အထည်ရက်လုပ်နေမှု၊ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သရက်ခရိုင်၌ ငလျင်ဘေးဇာတ်တိုက်သရုပ်ပြလေ့ကျင့်

သရက် စက်တင်ဘာ ၁၁

သရက်ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီတို့ပူးပေါင်း၍ ငလျင်ဘေးဇာတ်တိုက်သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက သရက်မြို့အစိုးရစက်မှုလက်မှုသိပ္ပံ(GTC)တွင် ပြုလုပ်ခဲ့သည်။

ဦးစွာသရက်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းအဖွဲ့က ငလျင်သဏ္ဌာန်တူရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

ရှင်းခန့်အောင်



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နှစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ရေပိုင်း ၈၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ငါးသယ်လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီ မိနစ်၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ဗိုင် ၈၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တိုးတိုးလွင် (၉၉) အမည်ရှိ ငါးသယ်လှေတစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့် ပင်လယ်ပြင်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ် တစ်စင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းတို့သည် အနီးအနားရှိဒေသခံ ငါးဖမ်းလှေများနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ငါးသယ်လှေပေါ်၌ လိုက်ပါလာသူများ အနက် ၁၁ ဦးတို့ကို ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရေဝင်နစ်မြုပ်ခဲ့သည့် လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများအား သက်ဆိုင်ရာသို့လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျ စောင့်ရှောက်ထားကြောင်း သိရသည်။

သတင်းစဉ်


(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဆောသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)



ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု “တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်” ဇာတ်လမ်းအား ထုတ်လွှင့်သွားမည်

ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးသည့် လူငယ်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ပြီးနောက် ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ကြွခိုင်မှုအပြည့်ဖြင့် ပြောင်းလဲတိုးတက်လာပုံများ၊ တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် အမိန့်နာခံတတ်မှုနှင့် သစ္စာစောင့်သိမှု၊ ရဲဘော်အချင်းချင်းထားရှိသည့် စွန့်လွှတ်အနစ်နာခံမှုများကို ဖော်ကျူးရိုက်ကူးထားသည့် ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု **“တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်”** ဇာတ်လမ်းကို ၁၂-၉-၂၀၂၆ ရက်(ယနေ့)တွင် အောက်ဖော်ပြပါ ရုပ်မြင်သံကြားလိုင်းများမှ ယှဉ်တွဲပါအချိန်များအတိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိတ်ပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်- **မြဝတီ**



စဉ်	Channel အမည်	ထုတ်လွှင့်မည့်အချိန်
၁	MWD HD	၁၉:၀၀ နာရီ၊ ၂၀:၀၀ နာရီသတင်းအပြီး
၂	MWD Variety HD	၁၉:၀၀ နာရီ၊ ၂၀:၀၀ နာရီသတင်းအပြီး
၃	MRTV HD	၁၉:၀၀ နာရီမှ၂၀:၀၀ နာရီကြား ၊ ၂၀:၀၀ နာရီသတင်းအပြီး
၄	MRTV-Entertainment	၁၉:၀၀ နာရီ
၅	Channel 7	၁၉:၀၀ နာရီ
၆	Up to Date	၁၉:၀၀ နာရီ
၇	YTV	၁၉:၀၀ နာရီ
၈	Shwe Nadi Shwe Yi	၁၉:၀၀ နာရီ
၉	Readers	၁၉:၀၀ နာရီ
၁၀	Channel K	၁၉:၂၄ နာရီ
၁၁	Channel 24	၁၉:၃၆ နာရီ
၁၂	Fortune	၂၀:၀၀ နာရီ
၁၃	M Channel	၂၀:၀၀ နာရီ
၁၄	Uni TV	၂၀:၁၅ နာရီ
၁၅	MRTV-4	၂၁:၀၀ နာရီ
၁၆	မဟာရုပ်သံလိုင်း	၂၂:၃၀ နာရီ
၁၇	Hey Play Sports	ဘောလုံးပွဲ Live အပြီး

မုံရွာမြို့၌ အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ပန်ကာတင်အခမ်းအနား ကျင်းပ



မုံရွာ စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါ်နဲ၁ရပ်ကွက်ရှိ မြေ ၃ ဿမ ၄၆၁ ဧက အကျယ်တွင် တည်ဆောက်သွားမည့် ပွဲကြည့်စင်ပါ (Indoor Stadium) အဆင့်မြင့် ရေကူးကန်နှင့် ဒိုင်ဗင်ကန် တည်ဆောက်ခြင်း လုပ်ငန်း ပန်ကာတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ သတ်မှတ်နေရာများ၌ ပန်ကာတင်ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး အတွင်းရှိ မြို့များအား မြို့အင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ ဈေးများ၊ ပန်းခြံများနှင့် အပန်းဖြေနေရာများအား အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းမကြီးဘေး ဝဲ/ယာရှိ ဈေးဆိုင်ခန်းများ စနစ်တကျဖွင့်လှစ်ရောင်းချသွားကြရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မုံရွာမြို့ကန်သာယာကန့်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

အုတ်ဖို-အိုးသည်ကုန်းဖြတ်လမ်း ပြုပြင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

အုတ်ဖို စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၃၆ ဒသမ ၄၄၀ သန်းဖြင့် တာဝန်ယူဆောင်ရွက်သည့် အုတ်ဖို-အိုးသည်ကုန်းဖြတ်လမ်း လမ်းချိုင့်ခွက်များ ကျောက်ဖြည့်ပြုပြင်ခြင်းနှင့် အပွန်းခံလွှာခင်းပြုပြင်ခြင်းလုပ်ငန်း အခြေအနေကို စက်တင်ဘာ ၉ ရက်က တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် တာဝန်ရှိသူများသည် မိုးညှိအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အုတ်ဖို-အိုးသည်ကုန်းဖြတ်လမ်း လမ်းချိုင့်ခွက်များ ကျောက်ဖြည့်ပြုပြင်ခြင်းနှင့် အပွန်းခံလွှာခင်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

သံလွင်မြစ်ရေစိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက် သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



လသာမြို့နယ်၌ သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုလိမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၉ ရက်က အလာ(၁)လသာ စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းသမဝါယမဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များရယူကာ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များစုပေါင်း၍ စက်တင်ဘာ ၁၁ ရက်က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခုတိယရဲမှူးကြီး ညွှန့်ဝင်းဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၀ ၊ မိသားစုဝင် ခြောက်ဦးတို့က စက်တင်ဘာ ၁၁ ရက်တွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် စုပေါင်းသွေးလှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)

ငဝန်မြစ်ရေတိုက်စားမှုကြောင့်ကမ်းပါးပြိုကျမှုကို Floating Unit များချထားပြီး မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပုသိမ် စက်တင်ဘာ ၁၁

ဧရာဝတီ တိုင်းဒေသကြီး ဟသံတမြို့နယ် အင်္ဂရမ်းကျေးရွာအုပ်စု ဥသျစ်ကုန်းကျေးရွာ၌ ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကို Floating Unit များချထားပြီး မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစဉ် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ ထပ်မံဖြစ်ပေါ်ခြင်းမရှိစေရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုမရှိစေရေးအတွက် မြစ်ကမ်းထိန်း လုပ်ငန်းများကို အချိန်မီဆောင်ရွက်ရန်၊ ကမ်းပါးပြိုကျနိုင်သည့်နေရာများကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးရန်၊ လိုအပ်သည့် နေရာများတွင် အရေးပေါ် ကမ်းထိန်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ဥသျစ်ကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းရှိ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် ပေါ်ပေါက်ပြဿနာများကို ဆောင်ရွက်ပေးကာ မြစ်ကမ်းထိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် အလှူငွေများ ပေးအပ်သည်။

ထို့နောက် ဟသံတမြို့နယ် ခမ္မဆိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့၌ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသံဘ၀၊ ရေကြည်၊ ဒသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆ နှင့် ၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်း နည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု

ဝေဖြိုးအောင်

(ယမန်နေ့မှ အဆက်)

လုပ်ဆောင်ပုံယန္တရားမှာ ကလိုရင်းသည် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ၏ အပြင်ဘက်ဆဲလ် နံရံများကို ထိုးဖောက်ဝင်ရောက်နိုင်စွမ်း ရှိပါသည်။

အထူးသဖြင့် HOCl သည် လျှပ်စစ်ဓာတ်မဲ့ဖြစ်သောကြောင့် ဗက်တီးရီးယားဆဲလ်များ အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ ဆဲလ်အတွင်းသို့ ရောက်ရှိသွားသောအခါ ကလိုရင်းသည် ရောဂါပိုးများ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော အင်ဇိုင်းများနှင့် ပရိုတင်းများကို ဓာတ်တိုးစေပြီး ပျက်စီးစေပါသည်။ ဗိုင်းရပ်စ်များ၏ မျိုးဗီဇဖွဲ့စည်းပုံများကို ဖျက်ဆီးပစ်ခြင်းဖြင့် ယင်းတို့ ပွားများခြင်းကို တားဆီးပေးပါသည်။

ကလိုရင်း၏ ထိရောက်မှုသည် ရေ၏ အချဉ်အငန်ဓာတ်အပေါ်တွင် များစွာမူတည်ပါသည်။ pH ၆ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းရှိသော ရေတွင် ကလိုရင်းသည် အထိရောက်ဆုံး အလုပ်လုပ်နိုင်ပါသည်။ အကယ်၍ ရေသည် အယ်လ်ကာလိုင်း (pH မြင့်မားခြင်း) ဖြစ်နေပါက ပိုးသတ်နိုင်စွမ်း ကျဆင်းသွားတတ်ပါသည်။

ကလိုရင်းအသုံးပြုခြင်း၏ အားသာချက်များ

ကလိုရင်းဖြင့် ရေသန့်စင်ခြင်းကို ကမ္ဘာတစ်ဝန်းရှိ တာဝန်ရှိအဖွဲ့အစည်းများက အကျယ်တဝင့် အသုံးပြုနေရခြင်းမှာ အောက်ပါအားသာချက်များကြောင့် ဖြစ်ပါသည်-


အကြွင်းအကျန်အာနိသင်

ကလိုရင်း၏ အကြီးမားဆုံး အားသာချက်မှာ ရေသန့်စင်စက်ရုံမှ ပို့လွှတ်ပြီးနောက် ပိုက်လိုင်းများတစ်လျှောက် အိမ်တိုင်ရောရောက်သည်အထိ ရေထဲတွင် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပါသည်။ ဤအချက်သည် ပိုက်လိုင်းများ ပေါက်ပြဲခြင်း သို့မဟုတ် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ရေထဲသို့ရောဂါပိုးများ ပြန်လည်ဝင်ရောက်လာပါက ချက်ချင်းသေစေနိုင်စွမ်းရှိပါသည်။ ခရမ်းလွန်ရောင်ခြည်နှင့် အိုဇုန်းစနစ်များတွင် ဤအကြွင်းအကျန် အာနိသင်မရှိပါ။

ကလိုရင်းသည် ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်၊ ဝမ်းကိုက်ရောဂါ အစရှိသည့် ရောဂါများကို ဖြစ်စေသော ဗက်တီးရီးယားများနှင့် ဗိုင်းရပ်စ်အမျိုးအစား အများစုကို ထိရောက်စွာ သေစေနိုင်စွမ်း ရှိပါသည်။ အခြားသော ခေတ်မီရေသန့်စင်ခြင်း နည်းပညာများနှင့် နှိုင်းယှဉ်ပါက ကလိုရင်းဓာတ်ငွေ့ သို့မဟုတ် အရည်အသုံးပြုခြင်းသည် ကနဦးတည်ဆောက်မှုကုန်ကျစရိတ်နှင့် ရေရှည်လည်ပတ်မှု ကုန်ကျစရိတ်ပါ များစွာသက်သာပါသည်။ ထို့ကြောင့် ဘင်္ဂလားအကန့်အသတ်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ပြစီမံကိန်းများအတွက် အသင့်တော်ဆုံး ဖြစ်ပါသည်။ ကလိုရင်းစနစ်များကို ရွာငယ်လေးများအတွက် ရေသန့်စင်စနစ် အသေးစားများမှသည် လူဦးရေသန်းနှင့်ချီနေထိုင်သော မြို့ကြီးပြကြီးများ၏ ရေသန့်စင်စက်ရုံကြီးများအထိ အရွယ်အစား အမျိုးမျိုးဖြင့် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်ပါသည်။

အားနည်းချက်နှင့် ဘေးထွက်ဆိုးကျိုးများ

ကလိုရင်းသည် ရေသန့်စင်ရေးတွင် မရှိမဖြစ် အရေးပါသော်လည်း ၎င်း၏ အားနည်းချက်များနှင့် နောက်ဆက်တွဲပြဿနာများလည်း ရှိပါသည်။ ကလိုရင်း၏ အကြီးမားဆုံးသောပြဿနာမှာ ရေထဲတွင် သဘာဝအလျောက် ပါဝင်နေသော သစ်ရွက်ဆွေးများ၊ ရေညှိများမှတွက်ပေါ်လာသည့် အော်ဂဲနစ်ပစ္စည်းများနှင့်ဓာတ်ပြုပြီး Disinfection By-Products (DBPs) ဟုခေါ်သော ဘေးထွက်ဒြပ်ပေါင်းများ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အထူးသဖြင့် Trihalomethanes (THMs) နှင့် Haloacetic



စမတ်စီးတီး ရေပေးဝေရေးကွန်ရက်နှင့် IoT အာရုံခံစနစ် တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

acids (HAAs) တို့ ဖြစ်ကြပါသည်။ ဤဒြပ်ပေါင်းများကို ရေရှည်သောက်သုံးမိပါက ကျန်းမာရေးဆိုးကျိုးအနည်းငယ်ရှိနိုင်ကြောင်း သုတေသနများက ဖော်ပြထားပါသည်။

ကလိုရင်းသည် ဗက်တီးရီးယားများကို ထိရောက်စွာ နှိမ်နင်းနိုင်သော်လည်း Cryptosporidium နှင့် Giardia ကဲ့သို့သော ကပ်ပါးကောင်များ၏ ဥများကို သေစေရန်မူ အလွန်ခက်ခဲပါသည်။ ထိုကပ်ပါးကောင်များကို ဖယ်ရှားရန်အတွက် အဆင့်မြင့်ရေစစ်စနစ်များ သို့မဟုတ် ခရမ်းလွန်ရောင်ခြည်အသုံးပြုခြင်းများ လိုအပ်ပါသည်။

ရေထဲတွင် ကလိုရင်းပါဝင်မှု များပြားလွန်းပါက သောက်သုံးရေတွင် ဆေးရုံအနံ့ သို့မဟုတ် ဓာတုဆေးအနံ့များ ထွက်ပေါ်လာတတ်ပြီး သုံးစွဲသူ ပြည်သူလူထု၏ မကျေနပ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသည်မှာ အမြဲတမ်းကြုံတွေ့ရလေ့ရှိသော ပြဿနာတစ်ခုဖြစ်ပါသည်။ ကလိုရင်း ဓာတ်ငွေ့သည် အလွန်အဆိပ်ပြင်းသောကြောင့် သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးတို့တွင် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ယိုစိမ့်မှုဖြစ်ပွားပါက စက်ရုံဝန်ထမ်းများနှင့် အနီးနားရှိ ပြည်သူများကို အသက်အန္တရာယ်ပေးနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သည် သောက်သုံးရေတွင် ပါဝင်သင့်သော ကလိုရင်းပမာဏနှင့် ပတ်သက်၍ တိကျသော လမ်းညွှန်ချက်များကို ချမှတ်ထားပါသည်။ သောက်သုံးရေ လုံခြုံရေးအတွက် ပိုက်လိုင်းကွန်ရက်၏ အဆုံးစွန်ဆုံးနေရာတွင် အနည်းဆုံး အကြွင်းအကျန် ကလိုရင်း ၀ ဒသမ ၂ မီလီဂရမ်/လီတာ ပါဝင်ရန်လိုအပ်ကြောင်း WHO က သတ်မှတ်ထားပါသည်။

တစ်ပြိုင်တည်းမှာပင် သုံးစွဲသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန်နှင့် အနံ့အရသာ မပျက်စီးစေရန်အတွက် အမြင့်ဆုံး ပါဝင်နိုင်သည့် ပမာဏကို ၅ ဒသမ ၀ မီလီဂရမ် /လီတာအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် ရေသန့်စင်စက်ရုံများတွင် ကလိုရင်းထည့်သွင်းရာ၌ အလိုအလျောက် တိုင်းတာစစ်ဆေးသည့်စနစ်များကို အသုံးပြု၍ အဆိုပါ 0.2 မှ 5.0 mg/L အတွင်း အမြဲရှိနေစေရန် ထိန်းသိမ်းရမည်ဖြစ်ပါသည်။

အခြားသော ရေသန့်စင်ခြင်းနည်းလမ်းများ

ခေတ်မီမြို့ပြ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကလိုရင်း၏ အားနည်းချက်များကို ကျော်လွှားနိုင်ရန် အခြားသော အဆင့်မြင့်ရေသန့်စင်နည်းပညာများကိုလည်း တွဲဖက်အသုံးပြုလာကြပါသည်။

အိုဇုန်းဖြင့် သန့်စင်ခြင်း

အိုဇုန်းဓာတ်ငွေ့ (O_3) သည် ကလိုရင်းထက် ပိုးသတ်နိုင်စွမ်း ပိုမိုမြန်ဆန်ပြီး ထိရောက်မှု အားကောင်းပါသည်။ ကလိုရင်းကဲ့သို့ အနံ့အသက် ဆိုးများ မကျန်ရစ်စေသည့်အပြင် DBPs ဖြစ်ပေါ်မှုကိုလည်း လျော့ချပေးပါသည်။ သို့သော် လျှပ်စစ်စွမ်းအင် အဖြောက်အဖြားလိုအပ်ပြီး ကုန်ကျစရိတ် အလွန်ကြီးမားပါသည်။ ထို့ပြင် အကြွင်းအကျန် အာနိသင်မရှိသောကြောင့် ပိုက်လိုင်းများအတွင်း ရောဂါပိုး ပြန်လည်ဝင်ရောက်မှုကို မတားဆီးနိုင်ပါ။ ထို့ကြောင့် အိုဇုန်းဖြင့် သန့်စင်ပြီးနောက် ကလိုရင်း အနည်းငယ်ကို ဒုတိယအဆင့်အနေဖြင့် ထည့်သွင်း လေ့ရှိကြပါသည်။

ခရမ်းလွန်ရောင်ခြည် အသုံးပြုခြင်း

ရေကို UV မီးချောင်းများအောက်မှ ဖြတ်သန်း စေခြင်းဖြင့် ရောဂါပိုးများ၏ DNA ကို ဖျက်ဆီးပစ်သော နည်းလမ်းဖြစ်ပါသည်။ ဓာတုပစ္စည်း လုံးဝ အသုံးမပြုသောကြောင့် ဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်စေပါ။ Cryptosporidium ကဲ့သို့သော ကလိုရင်းခံနိုင်ရည်ရှိသည့် ကပ်ပါးကောင်များကို ထိရောက်စွာ သေစေနိုင်ပါသည်။ အားနည်းချက်မှာ ရေသည် အလွန်ကြည်လင်နေရန် လိုအပ်ပြီး အကြွင်းအကျန်အာနိသင် မရှိခြင်းပင် ဖြစ်ပါသည်။

ပြောင်းပြန်ရေစစ်စနစ်

အလွန်သေးငယ်သော အမြှေးပါးကို အသုံးပြု၍ ရေထဲရှိ ဓာတ်ဆားများ၊ ပိုးမွှားများနှင့် ဓာတုပစ္စည်း အားလုံးနီးပါးကို ဖယ်ရှားပေးသော စနစ်ဖြစ်ပါသည်။ ဤစနစ်သည် ရေကို အသန့်စင်ဆုံး အခြေအနေသို့ ရောက်ရှိစေသော်လည်း ရေလေလွင့်မှုများပြားခြင်းနှင့် လည်ပတ်မှုကုန်ကျစရိတ် အလွန်ကြီးမားခြင်းတို့ကြောင့် မြို့ပြရေပေးဝေရေးတစ်ခုလုံးအတွက် အသုံးပြုရန်ခက်ခဲပြီး သီးသန့်သောက်ရေသန့်ထုတ် လုပ်ငန်းများတွင်သာ အများဆုံးအသုံးပြုကြပါသည်။

ခေတ်သစ် စမတ်စီးတီးစနစ်များ

ယနေ့ခေတ် စမတ်စီးတီးစီမံကိန်းများတွင် မြို့ပြရေပေးဝေရေးစနစ်များကို အင်တာနက်ကွန်ရက်များနှင့်ချိတ်ဆက်ကာ စီမံခန့်ခွဲလာကြပြီဖြစ်ပါသည်။ (IoT – Internet of Things) နည်းပညာကိုအသုံးပြု၍ ပိုက်လိုင်းကွန်ရက်တစ်လျှောက်တွင် အာရုံခံကိရိယာများ တပ်ဆင်ထားခြင်းဖြင့် ရေထဲတွင်ကျန်ရှိနေသော ကလိုရင်းပမာဏ၊ ရေ၏နောက်ကျိမှု၊ အချဉ်အငန်ဓာတ်နှင့် ရေဖိအားတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တိုင်းတာနိုင်ပြီဖြစ်ပါသည်။

ဤကဲ့သို့ စောင့်ကြည့်နိုင်ခြင်းကြောင့် ရေအရည်အသွေး ကျဆင်းသွားပါက သို့မဟုတ် ကလိုရင်း ပမာဏနည်းပါးသွားပါက ကွန်ပျူတာစနစ်မှ တစ်ဆင့် ချက်ချင်းသိရှိနိုင်ပြီး လိုအပ်သောနေရာများတွင် အလိုအလျောက် ကလိုရင်းထပ်မံဖြည့်တင်းပေးသည့်စနစ်များကို အသုံးပြုလာနိုင်ပါသည်။ ဤသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများအတွက် ပြည်သူလူထုအား ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ အမြဲတမ်းပေးဝေနိုင်ရေးအတွက် အလွန်အရေးပါသော နည်းပညာတိုးတက်မှုတစ်ရပ် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြို့ပြရေပေးဝေရေးစနစ်များတွင် ကလိုရင်းဖြင့် ရေသန့်စင်ခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ ကျယ်ပြန့်သော ပိုးသတ်နိုင်စွမ်းရှိခြင်းနှင့် အကြွင်းအကျန် အာနိသင်ဖြင့် ပိုက်လိုင်းတစ်လျှောက် ကာကွယ်ပေးနိုင်ခြင်းတို့ကြောင့် အစားထိုး၍ မရနိုင်သေးသော အရေးပါသည့် နည်းပညာတစ်ခုအဖြစ် ဆက်လက်တည်ရှိ

“ယနေ့ခေတ် စမတ်စီးတီးစီမံကိန်းများတွင် မြို့ပြရေပေးဝေရေးစနစ်များကို အင်တာနက်ကွန်ရက်များနှင့်ချိတ်ဆက်ကာ စီမံခန့်ခွဲလာကြပြီဖြစ်ပါသည်။ (IoT - Internet of Things) နည်းပညာကိုအသုံးပြု၍ ပိုက်လိုင်းကွန်ရက်တစ်လျှောက်တွင် အာရုံခံကိရိယာများတပ်ဆင်ထားခြင်းဖြင့် ရေထဲတွင်ကျန်ရှိနေသော ကလိုရင်းပမာဏ၊ ရေ၏နောက်ကျိမှု၊ အချဉ်အငန်ဓာတ်နှင့် ရေဖိအားတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တိုင်းတာနိုင်ပြီ”

ကိုးကားစာရင်း

၁။ World Health Organization (WHO), “Guidelines for Drinking-water Quality: Fourth Edition Incorporating the First Addendum”.

၂။ Centers for Disease Control and Prevention (CDC), “Water Disinfection with Chlorine and Chloramine”.

၃။ United States Environmental Protection Agency (EPA), “Stage 1 and Stage 2 Disinfectants and Disinfection Byproducts Rules”.

၄။ International Journal of Environmental Research and Public Health, “Modelling chlorine residuals in drinking water: a review”.

✪ ၂၀၂၆ မှ

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူနီယိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲအမျိုးသား (+၆၃၊ -၆၀၊ -၇၃)ကီလိုတန်းနှင့် အမျိုးသမီး(-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား(+၆၃၊ -၆၀၊ -၇၃)၊ အမျိုးသမီး (-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ကရင်ပြည်နယ်အသင်းကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ အိချစ်ဆုစံ၊ အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဝေလင်းထွေး၊ အမျိုးသမီးတစ်ဦးချင်း (-၄၂)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိချစ်ဆုစံ(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် ကြည်လွဲလွဲထွန်း (ရှမ်း)၊ တတိယဆုရရှိသည့် ယွန်းနဒီစံ(ဧရာဝတီ)နှင့် ပူးတွဲတတိယဆုရရှိသည့် ခေါင်နန်း (ကချင်)၊ အမျိုးသမီးတစ်ဦးချင်း (-၅၂) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နှင်းဝတ်မှဲလွင်(ဧရာဝတီ)၊ ဒုတိယဆုရရှိသည့် မေဇင်ဖြိုး(ကချင်)၊ တတိယဆုရရှိသည့် နန်းစန္ဒာဦး (ကရင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခင်သူဇာအောင် (ရှမ်း)၊ အမျိုးသားတစ်ဦးချင်း (-၄၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဝေယံလင်း (ရန်ကုန်)၊ ဒုတိယဆုရရှိသည့် မင်းသန့်ကျော်(ကရင်)၊ တတိယဆုရရှိသည့် ဟိန်းထက်အောင် (နေပြည်တော်) နှင့် ပူးတွဲတတိယဆုရရှိသည့် ဆင်မြူရယ် နော်ဇက်အောင်(ကချင်)တို့ကို မြန်မာနိုင်ငံဂျူနီယာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက Trophy၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်း (-၅၀) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခိုင်ခန့်(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် စောလင်းလက်ကြယ်စင်(ကရင်)၊ တတိယဆုရရှိသည့် အောင်ရဲထွေး (မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် ဂျနီယာ ခေါင်လွမ်း(ကချင်)တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ (အမျိုးသား/အမျိုးသမီး)အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်းဆုတံဆိပ် ရှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ် အမျိုးသမီးအသင်းတို့အား အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တံခွန်စိုက် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံခိုင်စေရေးကို အထောက် အကူဖြစ်စေရေး၊ မျိုးဆက်သစ်လူငယ်ဂျူနီယာအားကစား သမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ဂျူနီယာ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အဆိုပါ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူနီယိုပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ (C) ၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဟားခါး) ရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

ဟားခါး စက်တင်ဘာ ၁၁

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဟားခါး)တွင် ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူပြီး နိုင်ငံအတွက် အားထားရသည့် သားကောင်းသမီးကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယနေ့တွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အဆိုပါကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။



အဆိုပါတွေ့ဆုံပွဲတွင် ချင်းပြည်နယ်အတွင်း လူငယ်သင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု၊ ကျောင်းသား ကျောင်းသူ အင်အား စာရင်း၊ တက္ကသိုလ်ဝင်တန်းဖြေဆို၊ အောင်မြင်၊ ဂုဏ်ထူးရရှိမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်မှုနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ပေးနိုင်မှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မိုးနဲ စက်တင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား U-14၊ U-16 နှင့်အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့တွင် မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသားအလွတ်တန်း ဗိုလ်လုပွဲကို ကျိုင်းတောင်း (FC) အသင်းနှင့် MingNai Youth(FC) အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကျိုင်းတောင်း(FC) အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီး မြို့နယ်အားကစားနှင့်ကာယပညာဥက္ကဋ္ဌဖလားကို ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလားနှင့် တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများအား ဆုဖလား၊ ဆုတံဆိပ်၊ ငွေသားဆုနှင့် လည်ဆွဲတံဆိပ်များ ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

စစ်ကိုင်း စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၌ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစီအစဉ်အလိုက် ပြိုင်ပွဲဝင်အနုပညာရှင်များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၁၄) ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေး ဆိုင်းဘုတ် စိုက်ထူခြင်းကို တောင်ကြီးမှ လွိုင်လင်မြို့အဝင် ဆိုင်းဘုတ်အနီး၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နယ်ခြေခံတပ်နယ်မှူး နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ လွိုင်လင်မိုး



✫ ကျောပိုးမှ

သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းရှားပါးသစ်ပင်များနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသ တိုးပွားလာစေရန်၊ ဒေသခံများ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေ အတွက် သဘာဝရေထွက်များ ရေရှည်တည်တံ့စေရန်နှင့် ရေဝေရေလဲ ဒေသများအား ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်သည်။

နှစ်စဉ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့် ထင်ရှူးသစ်မျိုးများနှင့် သစ်နီ၊ သစ်ရာ၊ သစ်အယ်၊ ညီသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲလွင်မြစ်အတွင်းစီးဝင်သော နမ့်တိန်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ လင်းတ၊ တောကြောင်၊ ချေ၊ ခေါင်း၊ ရေကြက်၊ သာလိကာ၊ ကြက်တူရွေး စသည့်တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ကောင်းမွန်မှုတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သဃ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန



သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ အသင်းများ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ "သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲ" ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သမဝါယမအသင်းများ ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှား၍ အသင်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **အာကာ**



သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်

ပဲခူး စက်တင်ဘာ ၁၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမအစည်းအဝေးခန်းမ၌ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနများမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် အသင်းအမှုဆောင်များ စုစုပေါင်း ၉၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ဦး ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အလုံမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းမြင့်ဦးစီးသည့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၆၂ ဦးက စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်း အထက(၇) ကျောင်းဝင်းအတွင်း၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

ဆန်စက်များ ညအချိန်တွင် လည်ပတ်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ကျလာ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များ ညဘက်တွင် လည်ပတ်ထုတ်လုပ်ခြင်းကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့ကျလာကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

ဆန်စက်များ ညအချိန် လည်ပတ်ခြင်းကြောင့် လျှပ်စစ်မီးအား ပိုမိုတည်ငြိမ်သဖြင့် စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းစရိတ် သက်သာစေသည့်အပြင် ပတ်ဝန်းကျင်အပူချိန် လျော့နည်းခြင်းကြောင့်လည်း စက်ယန္တရားများ အပူလွန်ကဲပြီး ပျက်စီးယိုယွင်းမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခြင်း၊ လုပ်သားများအနေဖြင့်လည်း အပူဒဏ် သက်သာစွာဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုပြည့်ဝလာသဖြင့် ကုန်ထုတ်စွမ်းအားကိုပါ မြှင့်တက်စေကြောင်း သိရသည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပထမအဆင့်အနေဖြင့် လျှပ်စစ်ခတ်အားသုံးစွဲမှု ပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအား သတ်မှတ်ထားသည့်အချက်များနှင့် ပြည့်စုံပါက နေ့စဉ် ည ၁၁ နာရီမှ နံနက် ၅ နာရီအထိ တစ်ယူနစ်လျှင် မူလငွေကျပ် ၉၀၀ နှုန်းမှ ငွေကျပ် ၆၀၀ နှုန်းသို့ လျှော့ချ၍ ခတ်အားရယူသုံးစွဲခွင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

လျှပ်စစ်စွမ်းအင်ရရှိမှု အခြေအနေနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "နေ့ဘက်ထက် ညအချိန် လျှပ်စစ်မီးရရှိပြီး ခတ်အားခ သက်သာတဲ့စနစ်ကို လျှပ်စစ်ဝန်ကြီးဌာနက စီစဉ်ပေးတာ အလွန်ကောင်းမွန်အကျိုးရှိပါတယ်။ နေ့ဘက်မှာ Solar Energy ဖြင့်လည်မယ်။ ညဘက် မဟာခတ် အားလိုင်းစနစ်က သက်သာတဲ့ဈေးနဲ့ ခတ်အား ရနိုင်မယ်ဆိုရင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာသွားပါတယ်။ ဆန်တစ်အိတ်ကို ငွေကျပ် ၃၀၀ ကနေ ငွေကျပ် ၅၀၀ လောက်အထိ သက်သာနိုင်တာကို တွေ့ရပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆန်စက် စုစုပေါင်း ၁၅၀၀၀ ကျော်ရှိရာ အဆိုပါ ဆန်စက်များမှ ညပိုင်းအချိန် လျှပ်စစ်ခတ်အားဖြင့် လည်ပတ်နေနိုင်သည့် ဆန်စက်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများစုတည်ရှိနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ဆန်စက်များသည် လျှပ်စစ်ခတ်အားရရှိရန် လိုအပ်ချက်များရှိနေခြင်းကြောင့် ဆိုလာစနစ် (Solar Energy)များ ပြောင်းလဲတပ်ဆင်ခြင်းနှင့် မီးစက် (Generator)များဖြင့် မောင်းနှင်မှုများကိုသာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

ညောင်ဦးမြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ညောင်ဦး စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာသူကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၇၄ ဦးအား ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**





ပေါက်ခေါင်းမြို့၌ နိုင်ငံသားစီစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

ပေါက်ခေါင်း စက်တင်ဘာ ၁၁

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၅ ကံဘဲ ၊ မြေကွက်အမှတ်- $\frac{၉}{၁၄}$၊ ဧရိယာ(၀.၀၅၉)ဧက၊ မြေအမျိုးအစား - မြေပိုင်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဦးအေးလွင်(၁၃/တကန (နိုင်) ၀၈၃၈၃၂)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သော ဒေါ်မြမြအေး (၁၂/ရကန (နိုင်) ၀၂၈၆၅၁) နှင့် ဒေါ်ငြိမ်းချမ်းသူ (၁၄/ကပန (နိုင်) ၁၄၅၃၃၆)တို့မှ မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဦး (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၇၅)
အမှတ်(၇၅၁)(ပထမထပ်)၊တာပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉- ၈၈၆၆၉၅၉၆၆

ဒေါ်ကြည်ကြည်မိုး [၁၂/အစန(နိုင်)၀၃၉၄၄၄] (ယခုနေရပ်လိပ်စာမသိသူ) သိရှိနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ခ/၈-လမ်း၊ အမှတ်(၂၈၃/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက်အမှတ်-၂၂၇(ခ)၊ မြေဧရိယာ(၀.၂၇၅) ဧက၊ အလျား x အနံ (၂၀x၆၀)ပေအကျယ်ရှိ ဒေါ်ကြည်ကြည်မိုး အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်သူ ဒေါ်ကြည်ကြည်မိုးထံမှ ဦးဝင်းဌေး [၁၄/ဂခမ(နိုင်)၀၀၃၁၀၁]နှင့် ဒေါ်နွယ်နွယ်ဝင်း [၁၄/ဂခမ(နိုင်)၀၇၇၁၀၁] တို့က အပြီးအပိုင်လက်ရောက်ဝယ်ယူခဲ့ရာ ရောင်းသူဒေါ်ကြည်ကြည်မိုးက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်နှင့် ပိုင်ဆိုင်မှုအထောက်အထားများကို လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်သည့်အတွက် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးဌာနသို့ အရောင်းအဝယ်စာချုပ်နှင့်တကွ အထောက်အထားများအား နှစ်ဖက်တင်ပြပြီး ဝယ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေများက တံဆိပ်ခေါင်းခွန်များထမ်းဆောင်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သောမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးကို ဆက်လက်ချုပ်ဆိုရန် ရောင်းချသူ ဒေါ်ကြည်ကြည်မိုးအား ဆက်သွယ်ခဲ့ရာတွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးဇော်အောင်ကို ဆက်သွယ်ရာတွင်လည်းကောင်း၊ အကြောင်းပြန်ကြားခြင်း တစ်စုံတစ်ရာ မရှိသည့်အပြင် လိပ်စာနှင့်တကွ ဖုန်းနံပါတ်များကိုပါ ဆက်သွယ်၍မရဘဲ အဆက်အသွယ်ပြတ်တောက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ သတင်းစာတွင်ထည့်သွင်းဖော်ပြ၍ အထက်ပါမြေကွက်အား လူကြီးမင်းတို့မှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန်အတွက် (၁၇-၉-၂၀၂၆) ရက်နေ့ နောက်ဆုံးလာရောက်ဆောင်ရွက် ပေးပါရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ တောင်းဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

ဦးဝင်းဌေး၊ ဒေါ်နွယ်နွယ်ဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုလှိုင် (LL.B)	**ဒေါ်တင်လှဲ့လှဲ့ဝင်း (LL.B)**	**ဦးဇေယျာဌေးတင့် (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ် - ၇၉၅၄)	**(စဉ် - ၁၂၀၄၅)**	**(စဉ် - ၁၂၁၂၀)**

ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၅၀၅၁၈၉၆၇

"ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်(၈၅၄)၊ ဧရိယာအကျယ်(၁၀၀x၁၂၀)ပေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ သီဂီ(၂)လမ်း၊ အမှတ်-၂၇၆ တွင်နေထိုင်သူ ဦးခင်ဦး(ဘ)ဦးစကော် နိုင်ငံသားစိစစ်ရေးအမှတ်[၁၂/ကမတ(နိုင်)၀၀၆၈၆၈] ကိုင်ဆောင်သူသည် အိုးအိမ်ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနတို့တွင် နှစ်ပေါင်း(၄၂) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းတစ်ဦးဖြစ်ပြီး (၅-၇-၁၉၉၇)ခုနှစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာ၊ မရမ်းကုန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်(၈၅၄)၊ ဧရိယာအကျယ်(၁၀၀x၁၂၀)ပေအား နေထိုင်ခွင့်ပါမစ်ချမှတ်ပေးခဲ့ပြီး ထိုပါမစ်ရရှိသည့်အချိန်မှစ၍ ဦးခင်ဦးသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိပါကြောင်းနှင့် ပါမစ်စာရွက်အစစ်မှာလည်း ဦးခင်ဦးလက်ဝယ်တွင်ပင် ကိုင်ဆောင်ထားလျက်ရှိပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်၏ ပိုင်ရှင်အစစ်အမှန်မှာ ဦးခင်ဦးတစ်ဦးတည်းသာဖြစ်ကြောင်းနှင့် ထိုမြေကွက်နှင့်သက်ဆိုင်သည့် အခြားအရှုပ်အရှင်းများပေါ်ပေါက်လာပါကလည်း ဦးခင်ဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ထိုမြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ဦးတွင် ဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တင်ပြလွှဲအပ်ချက်အရ
ဒေါ်ဖြိုးပပ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၇)
အမှတ်-၅၅၇၊ စံပါယ်(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၄၁၇၉၄၈၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၃၁-I) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ၊ (ခေါင်းရင်းခန်း) (တိုက်ကိုမျက်နှာမူလျှင်လက်ယာဘက်အခြမ်း)ရှိ အကျယ်အဝန်း(၁၁၀၀)စတုရန်းပေကျယ်ဝန်းသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားမိမိတစ်ဦးတည်းသာလျှင် လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသူရိန်လင်း [၁၂/မရက(နိုင်)၀၀၃၈၄၆]က ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ် ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသူရိန်ထွန်း [၁၄/နေဖ(နိုင်)၁၀၅၉၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မေသူ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၄)
အမှတ်(၂၄)၊ မြောင်းကြီးလမ်း၊ ရေကျော်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၃၆၆၃၈၆၊ ၀၉ -၇၉၆၂၈၁၄၇၅

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဒေါ်ပိုးမဒ္ဒီတင်လတ်	၁၂/ဗဟန(နိုင်)၀၉၈၆၅၇	လှိုင်သာယာ	သကမ-၁၁	၈၂/က	ဒေါ်အေးအေးသိန်း	၈၂/က၊ ဆင်ဖြူရှင်လမ်း၊ (၁၁)ရပ်ကွက်	အမည်ပြောင်း
၂။	ဒေါ်မေစုသန်း	၁၂/ပဇတ(နိုင်)၀၃၁၃၄၂	ဒဂုံမြောက်	၃၀	၃၀၆	ဦးတင်လှိုင်	၃၀၆၊ ထွန်းသိရိ(၅)လမ်း၊ (၃၀)ရပ်ကွက်	အမည်ပြောင်း
၃။	ဒေါ်ရှုကြင်	၁၂/ဥကတ(နိုင်)၀၃၇၇၁၉၇	မြောက်ဥက္ကလာ	ဆ	၂၃၀/ခ	ဦးသန်းအောင်	၂၃၀/ခ၊ သုနန္ဒာ(၁၁)လမ်း၊ (ဆ)ရပ်ကွက်	အမည်ပြောင်း
၄။	ဒေါ်ဝါ	၁၂/လမန(နိုင်)၁၁၄၁၆၁	လှိုင်သာယာ	သကမ-၆	၅၀၆	ဒေါ်ချောစုသန္တာ	၅၀၆၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်	အမည်ပြောင်း
၅။	ဒေါ်သွန်းသွန်းဆွေ	၁၂/ဒဂတ(နိုင်)၀၀၀၁၂၃	ဒဂုံတောင်	၁၈	၁၅၈၄	ဦးဖေဝင်း	၁၅၈၄၊ တနင်္သာရီလမ်း၊ (၁၈)ရပ်ကွက်	အမည်ပြောင်း
၆။	ဒေါ်ရှင်းတပွင့်	၁၃/သပန(နိုင်)၀၂၆၂၉၉	ဒဂုံအရှေ့	၃	၃၀၅	ဒေါ်ခင်နွယ်တင့်	၃၀၅၊ ဗိုလ်ချိန်လမ်း၊ (၃)ရပ်ကွက်	အမည်ပြောင်း
၇။	ဒေါ်သုဇာ	၁၃/ကလန(ပြု)၀၀၀၂၃၉	သာကေတ	၇/အရှေ့	၁၀၄၅/ခ	ဒေါ်အေးအေးသန်း+၁	၁၀၄၅/ခ၊ ၇/ဈေးလမ်း၊ ၇/အရှေ့ရပ်ကွက်	အမည်ပြောင်း
၈။	ဒေါ်မြမြမိုး	၁၂/သကတ(နိုင်)၁၂၇၄၁၅	ဒဂုံတောင်	၁၈	၁၂၆၄/က	ဦးအောင်ကျော်ဇော်ဦး+၁	၁၂၆၄/က၊ သုခရတနာလမ်း၊ (၁၈)ရပ်ကွက်	အမည်ပြောင်း
၉။	ဒေါ်သူမှာဆွေ	၁၂/သကတ(နိုင်)၀၉၄၂၆၈	သာကေတ	၅	၁၇၇/ခ	ဦးအေး+၁	၁၇၇/ခ၊ သိင်္ဂီ(၅)လမ်း၊ (၅)ရပ်ကွက်	အမည်ပြောင်း
၁၀။	ဦးစန်းမောင်+၁	၁၂/တတတ(နိုင်)၀၀၈၈၀၄၁	သာကေတ	၅	၄၃၉/A	ဦးကျော်သူ	၄၃၉/A၊ သုမနလမ်း၊ (၅)ရပ်ကွက်	အမည်ပြောင်း
၁၁။	ဦးမောင်မောင်ကြည်	၁၂/စခန(နိုင်)၀၂၄၅၀၈	ဒဂုံမြောက်	၄၄	၇၄၈/ခ	ဦးသိန်းထူး	၇၄၈/ခ၊ စရတ်(၄)လမ်း၊ (၄၄)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဦးဖြိုးဇေမာန်	၁၂/လမန(နိုင်)၁၃၅၅၅၉	ရွှေပြည်သာ	၁၆	၂၆၅	ဦးစန်းလှိ	၂၆၅၊ နေမျိုးအနော်ရထာလမ်းသွယ် (၁)ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်ထိုက်ယဉ်ယဉ်အောင်	၁၀/မဒန(နိုင်)၁၆၅၆၄၈	မြောက်ဥက္ကလာ	စ	၆၆၁/ခ	ဦးဝင်းကို	၆၆၁/ခ၊ သမ္မာလမ်းမ၊ (စ)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဦးသက်နိုင်မင်း	၁၂/ပဘတ(နိုင်)၀၃၁၃၂၉	မင်္ဂလာတောင်ညွန့်	၁၂.I	V.၁၄၇/B	ဦးရဲမင်းဦး+၁	၂၁၊ ဒေါ်သိန်းတင်လမ်း၊ ကန်/ရှေ့ရပ်ကွက်	အမည်ပြောင်း
၁၅။	ဦးမင်းအောင်မြင့်	၁၀/မလမ(နိုင်)၁၀၄၁၂၅၈	သာကေတ	၇/အရှေ့	၂၂၃/ခ	ဦးအောင်စိန်မြ	၂၂၃/ခ၊ အောင်သပြေအနောက်(၂)လမ်း၊(၇/အရှေ့)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဒေါ်သန်းငွေ	၁၂/သကတ(နိုင်)၁၀၀၀၂၅	သာကေတ	၂/မြောက်	၄၉၅/က	ဦးသောင်း	၄၉၅/က၊ အနော်မာ(၂)လမ်း၊ အရှေ့(၂/မြောက်)ရပ်ကွက်	အမည်ပြောင်း
၁၇။	ဒေါ်ကလျာရည်မွန်	၁၂/တမရ(နိုင်)၀၅၁၁၃၆၁	ဒဂုံမြောက်	၃၄	၄၅၄	ဦးသီဟဆွေ	၄၅၄၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဦးမင်းဇော်+၁	၁၄/ပပတ(နိုင်)၁၄၃၈၀၃	သာကေတ	၈	၂၉၉	ဦးမောင်ရွှေ	၂၉၉၊ စရတ်(၈)လမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၂၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း

ဌာနမှူး(အုပ်ချုပ်ရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အ.ထ.က မယ်ဇလီကန်ကျောင်း Grade-12 မှ မယွန်းရွှေရည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဗိုလ် [၉/သစန(နိုင်)၁၆၅၈၂၅] ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ဇင်သူနိုင် (ဘ) ဦးလဘန်အောင် [၈/မကန(နိုင်)၂၃၀၄၄၁] ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ် အမှတ်(MJ-721139) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၆၀၅၃၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်စန်းဝင်း[၁၂/ဥကမ(နိုင်)၁၄၄၈၇၂] အမည်ဖြင့် အမှတ်အသားတည်ရှိပြီးနှစ်(၆၀) ဂရန်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ရော(၉)လမ်း၊ မြေကွက်အမှတ်(၁၆၂ ⁴⁄₇)၊ မြေအကျယ်အဝန်း (၅၀၊၈၀ပေ x ၆၀) အနက်မှ (ခေါင်းရင်းခြမ်း)ရှိ မြေအကျယ်အဝန်း (၁၀၊၁၀ပေ x ၆၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရေမီးအစုံ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နီလာထွန်း [၁၂/ဥကမ(နိုင်)၀၈၃၃၈၉] မှ အထက်အဆင့်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှင်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — ဦးရင်ထွေး [၁၄/ဒဒရ(နိုင်)၀၉၆၅၄၈]

လွှဲအပ်ညွှန်ကြားချက်အရ — ဒေါ်ချမ်းမြေ့မွန် (စဉ်-၁၇၅၁၀) တရားလွှတ်တော်ရှေ့နေ (LL.B)

အမှတ်(၁၅၈၇)၊ ကုမုဒြာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

PH : 09 254295734

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၆)လမ်းအနောက်၊ အမှတ်(၁၀၀၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်(ရှေ့ခန်း)(တိုက်ကိုယ်ထည်ဧရိယာ) ... (၁၀ ပေ x ၄၄ ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်မင်းထွန်းနှင့် ဒေါ်သန္တာဦး တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း စာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မေသဥ္ဇာခိုင် (LL.B)

အထက်တန်းရှေ့နေ (စဉ်-၄၈၇၃၈)

အမှတ်(B-3)၊ အခန်း(105)၊ သပြေလမ်း၊ ရွှင်သာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၁၁၉

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၄)၊ ဦးပိုင်အမှတ်(၈၈)၊ ၅၆x၅၇ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ခင်၏ (SP ရရှိသူ ဒေါ်အိအိမွန်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၁၅၅/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်ထူးအောင် [၉/ပကခ(နိုင်)၀၁၀၂၉၄]က အမွေတွဲအမှတ် (၂၂၈၁/၂၀၁၆-၂၀၁၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၂)

တွံတေးခရိုင်တရားရုံးတော်

၂၀၁၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၇

ကွယ်လွန်သူ ဦးအောင်မင်းစိန်၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်မြစန်းရီ(ခ)ဒေါ်မြစန်း လျှောက်ထားသူ

တောချောင်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေ ဒေါ်မြစန်းရီ(ခ)ဒေါ်မြစန်းက ကွယ်လွန်သူ ဦးအောင်မင်းစိန်၏ ဇနီးဖြစ်သည်ဟူ၍ တောချောင်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးအောင်မင်းစိန် ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအောင်မင်းစိန်ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၇၈ ခု၊ တော်သလင်းလဆန်း ၁၁ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်မြစန်းရီ(ခ)ဒေါ်မြစန်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နုနုလွင်)
ဒုတိယခရိုင်တရားသူကြီး(၂)
တွံတေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၂)လမ်း၊ အကွက်အမှတ်(၇)၊ အညာဇုကွက်၊ ဦးပိုင်အမှတ်(၁၄၆)၊ ဧရိယာ (၀.၁၁၈) ဧကအကျယ်ရှိမြေမှ ဂရန်အမွေတွဲအမှတ် – RPNO – 100 V/2008-2009 အရ ဦးလင်းကြည်နှင့် ဦးထွန်းလွင်တို့ (၂)ဦး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးထွန်းလွင်နှင့် ဒေါ်မြဆိုင်တို့မှ မဗလုလွန်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြ၍ သားသမီးများအဖြစ် ဦးလင်းကြည်နှင့် ဒေါ်ခင်မေလွင်တို့အား မွေးဖွားခဲ့ပါသည်။ ဦးထွန်းလွင်သည် (၄-၁၀-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်မြဆိုင်သည် (၂၆-၁-၂၀၂၃) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ အလားတူပင် ဦးလင်းကြည်နှင့် ဒေါ်ယဉ်ယဉ်မွန်တို့မှ တရားဝင်အကြင်လင်မယားများ တော်စပ်ကြပြီး ဦးလင်းကြည်သည် (၂၆-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားခဲ့၍ အထက်ဖော်ပြပါဧရိယာ (၀.၁၁၈)ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မေလွင်နှင့် ဒေါ်ယဉ်ယဉ်မွန်တို့ (၂)ဦးမှ "ပူးတွဲ၍" အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြဖြတ်သွယ် (LL.B)	ဒေါ်အေးသန္တာ (LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ် – ၈၉၇၇/၂၀၁၃)	(စဉ် – ၉၇၆၉/၂၀၁၄)
၀၉ – ၅၁၃၂၆၄၄၇	၀၉ – ၅၂၀၁၉၂၄၃

(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေပင်လယ်မြို့ပတ်လမ်း၊ Emerald Bay Tower 3, 31 F, Room (3115) အခန်းနှင့် ယင်းအခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအပြီးအပိုင် ဝယ်ယူရန်အတွက် ငွေကြေး တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ထပ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အခန်းနှင့် ယင်းအခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ Yangon Golden Paragon Investment Company Limited ထံမှ ဒေါ်မြင့်မြတ်မြတ်စိုး [၁၂/လသန(နိုင်)၁၂၉၄၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေကြေး တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြတ်မြတ်စိုး၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆိုပါအခန်းနှင့်ပတ်သက်၍ ထပ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း တို့ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဒေါ်နန်းဆင့်ဆင့်ထွန်း LL.B, D.B.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၃၃၉)
အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉-၅၂၀၈၄၁၇၇

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁)၊ ဦးပိုင်အမှတ်(၆)၊ ၅၉x၆၀လမ်းကြား၊ ၁၀၆x၁၀၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးဝင်း၏ (GP ရရှိသူ ဒေါ်သန္တာဖြိုးဝင်း(ခ) ဖြိုးသန္တာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၅၆/၂၀၁၆) ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်ထူးအောင် [၉/ပကခ(နိုင်)၀၁၀၂၉၄]က အမွေတွဲအမှတ် (၂၂၈၀/၂၀၁၆-၂၀၁၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ် – ၅၆၄ / ၅၆၅ / ၅၆၆၊ (၄၀' x ၆၀') (၃)ကွက်တွဲ (၁၂၀' x ၆၀')အကျယ်အဝန်းရှိ ဦးပန်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၆၄/၅၆၅/၅၆၆)၊ ဆိပ်ကမ်းသာလမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက်၏ကာလကွယ်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသည့် (၁) ဒေါ်ခင်မူ (၁၂/လမန (နိုင်) ၁၁၈၄၄၈)၊ (၂) ဦးမြင့်စိုး (၁၂/လမန (နိုင်) ၁၁၈၄၄၅)၊ (၃) ဦးမြူးမြူး (၁၂/လမန (နိုင်) ၁၁၈၄၄၆)၊ (၄) ဒေါ်စန်းစန်းအေး (၁၂/လမန(နိုင်) ၁၁၈၄၄၇) နှင့် (၅) ဦးကျော်စိုး (၁၂/လမန (နိုင်) ၁၁၈၄၄၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇော်နောင် (၁၂/အစန (နိုင်) ၂၀၂၅၉၁)က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါအိမ်မြေကြော်ငြာအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၇၁၈/၁၃)
အမှတ်–၅၀၊ မြေညီထပ်၊ ဘဂျီလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉ – ၅၂၀၄၅၂၅၅၅

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအမှတ်(၁)အနီးရှိ STAR CITY အိမ်ရာဝင်း၊ ESTELLA Townhouses ရှိ အိမ်အမှတ်– ETH–398 မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အဦအပါအဝင် တွယ်ကပ်ပစ္စည်းများ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်လျက် အရှုပ်အထွေးကင်းရှင်းကြောင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းထားခြင်း တစ်စုံတစ်ရာမရှိကြောင်းနှင့် မိမိတို့နှစ်ဦးမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချမည့်သူ ဦးရန်နိုင် (၁၂/အဖစ (နိုင်)၀၂၃၉၆၆) နှင့် ဒေါ်လှဲလှဲ (၁၂/အစန(နိုင်)၀၈၄၅၂၈) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြရီလိုင် [၁၂/လမန(နိုင်)၁၆၄၄၃၈]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန္ဒာထက် (LL.B.,D.B.L.,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၂)
အမှတ်-၉၆၊ ၅-လွှာ၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၄၃၀၀၆၃၁၅၊ ၀၉-၇၉၅၇၇၃၅၁၂၈

အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄-လမ်း၊ အမှတ်(၂၅)အနောက်ပိုင်းအဆောက်အအုံ၏ ၇-လွှာ(ဝဲ) အခန်းအမှတ်(၁၃) မူလနေထိုင်သူ ဦးအချုနား အမည်ဖြင့် မှတ်သားထားသည့် အခန်းအား ဦးအချုနား(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ပိုင်သီရိထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင်သော်တာဦးမှ အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၅-၂၀၁၆)၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၄ရှိ အကွက်(တတ-၄၄)၊ ဦးပိုင်(၆) ခဲ့စင်တောင်ခြမ်း၊ မြောက်ခြမ်းအစား အကွက်(တတ-၄၄)၊ ဦးပိုင်(၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)

ကမာရွတ်ခရိုင်တရားရုံးတော်

၂၀၁၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၆

ကွယ်လွန်သူများဖြစ်ကြသော (၁)P.Naraina Swamy (ပီနာရာယနစ်ဆာမီ)၊ (၂)P.Subramanian (ပီစူပရမဏီ) (၃) P.Manickam (ပီမာနိကွန်း)၊ (၄) P.Naderan (ပီနဒေးဆန်း)၊ (၅)Ramachandra (ရာမချန္ဒရ(ခ)ပီရာမာချန္ဒရာ(ခ)အာရ်ချန္ဒရ(ခ) ပီရာမာချန္ဒရန်)နှင့် မှုန်အေးတို့၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၅၆)ဟု ခေါ်တွင်သော အကျယ်အဝန်း (၀.၁၉၅)ဧက နှစ်(၉၀) ဂရန်မြေ အမျိုးအစား မြေကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူများဖြစ်ကြသော (၁)P.Naraina Swamy (ပီနာရာယနစ်ဆာမီ)၊ (၂)P.Subramanian (ပီစူပရမဏီ) (၃)P.Manickam (ပီမာနိကွန်း)၊ (၄)P.Naderan (ပီနဒေးဆန်း)၊ (၅)Ramachandra (ရာမချန္ဒရ(ခ)ပီရာမာချန္ဒရာ(ခ) အာရ်ချန္ဒရ(ခ) ပီရာမာချန္ဒရန်)နှင့် မှုန်အေးတို့၏ ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ်၌ အမွေထိန်းစာထုတ်ပေးပါမည့်အကြောင်း ဦးတင်မြင့်(ခ)ကရူးနားက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက် (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်)နေ့၌ မိမိဆိုင်ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူများ၏ ကျန်ရစ်ခဲ့သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက် (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ဆိုင်ဆိုခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးတင်မြင့်(ခ) ကရူးနား၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မာအောင်)
ဒုတိယခရိုင်တရားသူကြီး(၄)
ကမာရွတ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–26–C1၊ မြေကွက်အမှတ်–၁၈၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ–အမှတ်(၃၄)၊ ဈေးကြီးလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ မောင်လွင်ကိုကို [၁၂/ကမတ(နိုင်)၀၀၇၂၃၄] အမည်ပေါက် ဂရန်ရှိမြေပိုင်မြေကွက်အား အမည်ပေါက် ဦးလွင်ကိုကိုက အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် ယင်းမြေ၏ မြေစာရင်းအရ ၂၀၀၂ ခုနှစ်တွင် ဦးအုန်းလွင် (ခ)ဦးဟုန်းချမ်းမှ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်– ၆၅၆/၂၀၀၂(၂၇-၁၁-၂၀၀၂)တားဝရမ်းစာ တင်ပြထားရှိမှုနှင့် စပ်လျဉ်း၍ ယင်းအမှုကိစ္စရှင်းလင်းသွားပြီဖြစ်ပါကြောင်း၊ တရားရုံးမှ၍ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၆၅၆/၂၀၀၂(၇-၁၀-၂၀၀၃)ရက်နေ့စွဲဖြင့် ချမှတ်သည့် စီရင်ချက်နှင့်ပြေငြိမ်းဒီကရီတို့နှင့်အတူ ၂၀၀၂ ခုနှစ်တွင် ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ဘဏ်ချေးမြေပုံထုတ်ယူခဲ့သည်မှ မှန်ကန်ကြောင်း၊ ယင်းဘဏ်ချေး မြေပုံဖြင့် မည်သည့်ဘဏ်တွင်မှ ငွေချေးယူခြင်းမရှိဘဲ ပျောက်ဆုံးသွားပါကြောင်း၊ အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လျှုဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ယင်းမြေကွက်နှင့် ပတ်သက်သည့် တရားရုံးအမှုကိစ္စများသည်လည်း ပြီးပြတ်ပြေလည်သွားပြီး ဖြစ်ပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါကလည်း ၎င်းတို့သာ တာဝန်ရှိပါကြောင်း၊ ၎င်းကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဦးလွင်ကိုကို [၁၂/ကမတ(နိုင်)၀၀၇၂၃၄]က ကမာရွတ်ခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်– ၈၅/၂၀၁၆(၃-၈-၂၀၁၆)နှင့်ဌာနဝင်စာအမှတ်–၈၆၂၅/၃-၈-၂၀၁၆ဖြင့် ရင်းလင်းတင်ပြ၍ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာ၊ ယင်းမြေ၏ အမည်ပေါက်စာချုပ်အမှတ် စာရင်းပါ အလယ်စာချုပ်အမှတ်-၁၇/၁၉၈၃(၂၆-၁-၁၉၈၃)၊ အပိုင်ပေးစာချုပ်အမှတ်-၂၀၄၉/၂၀၀၁(၁၀-၇-၂၀၀၁)တို့ကို တင်ပြ၍ ဦးလွင်ကိုကိုက အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာပါသည်။ အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး(ခ))

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဒေါင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၂-က)၊ ဦးပိုင်အမှတ်(၃၂-ခ+၃၃)၊ ၈၂x၈၃ကြား၊ ၁၀၄လမ်းကြား၊ ကန်တော်ကြီး အဝင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးတင်ဖေ [၁၃/ပတယ (နိုင်)၀၂၀၇၆၀]၊ ဒေါ်အိအိမွန် [၁၀/သဖရ(နိုင်)၀၆၃၁၁၈]တို့ကအမွေတွဲအမှတ် (၂၃၀၂/၂၀၁၆-၂၀၁၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မ(မြောက်)ရပ်ကွက်၊ ဓာတ်ရဲလမ်းနှင့် သတိမ္ဗဋ္ဌာန်လမ်းထောင့်တွင် တည်ရှိသည့် ဒေါ်အေးကြည်ဝင်း (၅) ဦး အမည်ပေါက်ဖြစ်သော အမှတ်(၂၆)၊ မြေစာရင်းရပ်ကွက်အမှတ် (၁)၊ ဦးပိုင်အမှတ် (၈၅)၊ ဧရိယာ (၀.၂၁၀)ဟုခေါ်တွင်သော အိမ်မြေဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိဘအမွေ မိဘအမွေများဖြစ်သော အမွေဆိုင်ပစ္စည်းဖြစ်ပြီး အဆိုပါ ဘိုးဘွားပိုင်မြေကို ... သားသမီးများဖြစ်သော အမွေဆိုင်များအားလုံးနှင့် သက်ဆိုင်သော ပစ္စည်းဖြစ်ကြောင်းနှင့် အဆိုပါ အမွေဆိုင် အိမ်မြေ ဥပစာပေါ်တွင် အမွေခွဲဝေခြင်းမပြုရသေးကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်စန်းမြင့် (ခ) ဟရီမာဘီဘီ၏ ပြောကြားချက်အရ ကြားသိရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းမြင့် (ခ) ဟရီမာဘီဘီသည် ပစ္စည်း၏ အကျိုးသက်ဆိုင်ခွင့်ရှိသူများအနက်မှ ဦးကျော်ဝင်း (ခ) အလီ [၇/ကတခ(နိုင်) ၀၈၃၆၇၂]၏ တရားဝင်ဇနီးမယားဖြစ်ကြောင်းနှင့် အမွေဆိုင်ပစ္စည်းနှင့် ပတ်သက်၍ အမွေဆိုင်များအားလုံး၏ သဘောတူညီချက် တစ်စုံတစ်ရာရယူခြင်း မရှိဘဲ အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်၏ မိတ်ဆွေ အမွေဆိုင်ဖြစ်သူ၏ ခွင့်ပြုချက်မရရှိဘဲ ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူမဆို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းမြင့် (ခ) ဟရီမာဘီဘီ၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်နိုင်နိုင်ထွန်း (LL.B, D.I.P.L)	ဒေါ်စန်းစန်းဝေ (LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၈၀၂၀/၈-၂-၂၀၁၂)	(စဉ်-၄၈၅၀၉/၃၁-၁-၂၀၁၇)
အမှတ် (၆၁)၊ ဓမော(၂) လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၆၃၀၁၆၀၀၁	အမှတ် (၆၆၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၈၇၄၇၉၀၇၈၀

ဦးခင်မောင်ညွန့်
လဝက မြို့နယ်မှူး(ငြိမ်း)
အသက်(၈၈)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ (ဦးစိန်မောင်-ဒေါ်တုတ်)တို့၏ သား၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မိုးဝေလမ်း၊ အိမ်အမှတ်(၃၀၇၇၅)နေ ဒေါ်သန်းခင်၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဦးအောင်နိုင်ညွန့်၊ ဦးသန်းဇော်ညွန့်၊ ဦးသန်းနိုင်ညွန့်-ဒေါ်လဲ့လဲ့ခိုင်တို့၏ ဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ မြေး ၁၂ ယောက်တို့၏အဘိုး ဦးခင်မောင်ညွန့် (လဝကမြို့နယ်မှူး-ငြိမ်း) အသက်(၈၈)နှစ်သည် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်တွင် ၉-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၆ (သောကြာနေ့)မွန်းလွဲ ၁:၀၀ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၂၆ (အင်္ဂါနေ့)နံနက် ၆ နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မိုးဝေလမ်း၊ အိမ်အမှတ်(၃၀၇၇၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်စိုး (ခ) ဦးအောင်စိုးဦး

ကျောက်တံတားမြို့နယ်၊ စာရေးဆရာအသင်း၏ နာယက၊ နိုင်ငံတော်စာပေဆုရ (စာပေဗိမာန်) စာရေးဆရာ ...

ကျောက်တံတားမြို့နယ်၊ စာရေးဆရာအသင်း၏ နာယက၊ နိုတြိပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးအောင်စိုး (ခ) ဦးအောင်စိုးဦး (ကိုအလင်္ကာ) ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံတားမြို့နယ်
စာရေးဆရာအသင်း

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ် (၈၃)၊ ၅၆x၅၇ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာကြည်၏ (GP ရရှိသူ ဒေါ်ညိုမီချမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၄၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိတင်ဇာမိုး [၉/အမဇ (နိုင်) ၀၄၁၂၇၅]က အမှုတွဲအမှတ်(၂၂၈၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဦးပိုင်အမှတ် (၆၃-က)၊ ၅၄x၅၅ ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဝင်း၏ (SP ရရှိသူ ဒေါ်စုစုစန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၉၁/ ၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ခင်စန်းရီ [၅/မမတ (နိုင်) ၀၀၈၅၃၁]၊ ဒေါ်ဟံသာထွန်း [၅/မမတ(နိုင်) ၁၀၁၄၆၀]တို့က အမှုတွဲအမှတ် (၂၂၈၃/ ၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ် (၆၃)၊ ၅၆x၅၇ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ထွေး၏ (SP ရရှိသူ ဦးကျော်လင်းအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၀၄၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိတင်ဇာမိုး [၉/ အမဇ(နိုင်)၀၄၁၂၇၅]က အမှုတွဲအမှတ်(၂၂၈၄/၂၀၂၆-၂၀၂၇)ဖြင့် အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၆၂ လမ်း၊ အမှတ်(၂၀)၊ စတုတ္ထထပ်၊ (တိုက်ဘက်သို့မျက်နှာမူလျှင် ဘယ်ဘက်)၊ (၁၅)ပေx(၅၅)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင် ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဒေါ်ငြိမ်းငြိမ်းသက် [၁၂/သဃက(နိုင်) ၀၄၁၃၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်း [၁၂/တမန(နိုင်)၁၄၃၅၉၇]က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသက်နိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၆၄)
အမှတ်(၅၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၂၂၉၀၂၅

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးကံသိန်း(ငြိမ်း)
(ကကဆက်)
OTS [18]
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဝါးတန်းလမ်း၊ Pyone Pyone Apartment နေ (ဦးမောင်ကြီး-ဒေါ်စိန်မြိုင်)တို့၏ သား၊ ဒေါ်သန်းနွဲ့၏ ခင်ပွန်း၊ ဦးတင်ဦးမောင်-ဒေါ်သီတာလွင်၊ ဒေါ်သီတာသိန်း၊ ဒေါက်တာ လွင်ဦးမောင်-ဒေါ်ခင်စန္ဒာ၊ (ဗိုလ်အောင်ဇင်)၊ ဗိုလ်မှူးကျော်ဇင်သိန်း (ငြိမ်း) (ခ)ကျော်ဇင်ကိုကို-ဒေါ်ဝတ်မှုန်ဦးတို့၏ ဖခင်ကြီး၊ မင်းသက် မှူးမောင်၊ ခင်ရတနာသိန်း၊ ဟေဒန်လွင်မောင်၊ အောင်ထက်ထွန်း(ခ) ပြည့်သားကိုကိုတို့၏ ဘိုးဘိုးကြီးသည် ၁၀-၉-၂၀၂၆ ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၂-၉-၂၀၂၆(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် ခန်းမဆောင်(၁)မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊မြေကွက်အမှတ်-၅၇၂ မြေကွက်တည်နေရာအမှတ်(၅၇၂)၊(၁၅၁)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးငြိမ်းထွန်း(MMA-၁၅၆၅၇၅)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည် ပေါက်-ဦးငြိမ်းထွန်း(MMA-၁၅၆၅၇၅)(ခင်ပွန်း)သည်(၂၄-၆-၂၀၂၅) ရက်နေ့တွင်ကွယ်လွန်သဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်ခင်ငွေးမြင့်(၁၄/ဘကလ (နိုင်)၀၃၄၇၄၆)မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းနှင့်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၄၃၅/၂၀၂၅(၁၃-၈-၂၀၂၅)၊ထောက် ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊ မြေချပါမစ်မူရင်းမှာအထားအသိုမှားယွင်းမှုကြောင့်ပျောက်ဆုံးသွားခဲ့ပါကြောင်း အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အားအခြားသူတစ်ပါးသို့လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လျှုဒါန်းထားခြင်း၊အာမခံ၍ငွေချေးထား ခြင်း၊တနည်းနည်းဖြင့်လွှဲပြောင်းထားခြင်းတို့လုံးဝမရှိကြောင်းနှင့်ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်းဝန်ခံ ကတိပြုကျမ်းကျိန်လွှာအမှတ်-၁၄၃၄/၂၀၂၅(၁၃-၈-၂၀၂၅)၊ရပ်ကွက်၊ရဲ စခန်းထောက်ခံချက်နှင့်ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်း စစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူမှကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့်ဒေါ်ခင်ငွေးမြင့်မှပါမစ်ပျောက်ဖြင့်နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့် ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင် မေတ္တာလမ်း၊ အမှတ်- ၄၇၅/၄- ဘီ၊ မြေကွက်အမှတ်-၄၇၅/က+ ခ၊ တတိယထပ်၊ ၄ လွှာ၊ ခြေရင်း(ဝဲ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်ချိုလွင်မေ [၁၂/ဗဟန(နိုင်) ၀၉၂၇၇၃] က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလှမင်းသိန်း [၁၂/ဒဂတ (နိုင်)၀၀၃၃၀၀]နှင့် ဒေါ်တင်တင်အောင် [၁၂/ဒဂတ(နိုင်) ၀၃၉၀၆၇]တို့က ဝယ်ယူ ရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်း များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှမင်းသိန်း နှင့် ဒေါ်တင်တင်အောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမြတ်ဝေချို B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)
အမှတ်-၇၀၂ (မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
လှည်းကူးခရိုင်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်- ၁၆
ကွယ်လွန်သူ ဦးသောင်းလှိုင်၏
ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးဝင်းဇော် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ စစ်ပင် (မြောက်)ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသောင်းလှိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ဦးဝင်းဇော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက် ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆို ထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောင်းလှိုင်၏ ကျန်ရစ် သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့သည် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင် လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့၌ နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်း ကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးဝင်းဇော်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ခိုင်မိုး)
ဒုတိယခရိုင်တရားသူကြီး
လှည်းကူးခရိုင်တရားရုံး

တစ်လပြည့်ဆွမ်းသွတ်တရားတော်နာဖိတ်ကြားလွှာ
ဒေါ်သောင်းသောင်းတင် (အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာမကြီး)
အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်အမှတ် (၅၅)၊ ဝေဘာဂီလုံးချင်းအိမ်ရာ၊ စိန်စီလမ်းနှင့် ဧရာဝတီလမ်းထောင့်၊ ဝေဘာဂီ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (သစ်တောဝန်ထောက် ဦးလှဒင်-ဒေါ်စောရွှေ)တို့၏ သမီးလတ်၊ (ဗိုလ်ကြီး သန်းကြွယ်-လေသူရဲ)၏ ဇနီး၊ (ဗိုလ်ကြီးငွေးဇော် -လေသူရဲ)-ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကြွယ်တို့၏ ချစ်လှစွာသော မိခင်၊ မောင်အောင်ငွေးဇော် (အထက်တန်းရှေ့နေ)၊ မောင်မင်းငွေးဇော် (အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်သောင်းသောင်းတင်(အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာမကြီး) အသက်(၉၄)နှစ်သည် (၁၃၈၈-ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်) ၂၂-၈-၂၀၂၆ (စနေနေ့)တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသည်။ ကွယ်လွန်သူ၏ဆန္ဒအရ မိမိ၏ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါသဖြင့် မြင့်မြတ်သောဘုံဌာနသို့ ရရှိရောက်ရှိပါစေကြောင်း ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ရက်လည်ဆွမ်းသွတ်တရားတော်နာပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၆ (အင်္ဂါနေ့)တွင် တစ်လပြည့်ဆွမ်းသွတ်တရားတော်နာမည်ဖြစ်ပါသဖြင့် ဘုရားအမှူးရှိသော ပင့်သံဃာအရှင် သူမြတ်တို့အား မြတ်သင်္ကန်း၊ ဒါတဗ္ဗဝတ္ထု၊ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ် အရသာအစုစုတို့ကို ဆက်ကပ်လှူဒါန်း ရေစက် သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တစ်လပြည့်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပေးပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ရပ်ဝေး၊ ရပ်နီး ဆွေမျိုး၊ မိတ်သင်္ဂဟများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။]

နေ့ရက်	။	။ ၂၂-၉-၂၀၂၆ (အင်္ဂါနေ့)
အချိန်	။	။ နံနက် (၈)နာရီမှ မွန်းတည့် (၁၂) နာရီထိ
နေရာ	။	။ တိုက်အမှတ် (၅၅)၊ ဝေဘာဂီလုံးချင်းအိမ်ရာ၊ ဝေဘာဂီ(၄)ရပ်ကွက်၊ စိန်စီလမ်းနှင့် ဧရာဝတီလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်	။	။ ဖုန်း- ၀၉-၄၄၈၀၃၉၉၀၅

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
သုဓမ္မသိင်္ဂီ ဒေါ်သင်းသင်းလှ
အလယ်တန်းပြဆရာမ(ငြိမ်း)၊ အ.ထ.က(၄) တာမွေ၊ အထက(၁) ဒဂုံ
အသက် (၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးလှအောင်-ဒေါ်ဆုပန်)တို့၏ သမီး၊ (ဦးရွှေမင်း)၊ (ဒေါ်ညွန့်ရီ)တို့၏ ညီမ၊ [ဦးသိန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)]၏ ဇနီး၊ ဒေါ်စုစုအောင်၊ ဒေါက်တာမောင်မောင်အောင်-ဒေါ်မိုးသီတာ၊ ဦးသော်သော်အောင်၊ (ဦးဘိုဘိုအောင်)၊ ဒေါက်တာအောင်အောင်၊ ဦးမင်းမင်းအောင်တို့၏ မွေးမိခင်၊ ဒေါက်တာဝေယံမိုးလွင် (အရိုးအထူးကု ဆေးရုံကြီး-ရန်ကုန်)၊ ဒေါက်တာအိန္ဒြေ (NHS-UK)တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်သင်း သင်းလှသည် ၉-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ည ၁၀:၂၇ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟ များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများအား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်ကြေကွဲစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ် (၄၃)၊ မြေကွက်တည်နေရာအမှတ် (၄၃)၊ စံပယ်လမ်း၊ (၈၁)ရပ်ကွက်၊ ဒဂုံ ဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်သက်တင် (BU-၀၃၂၃၈၉) အမည်ပေါက် ပါမစ် မြေအား ပါမစ်အမည်ပေါက် ဒေါ်ခင် သက်တင်(BU-၀၃၂၃၈၉) [၇/သဝတ (နိုင်) ၀၁၅၀၄၂]မှ မြေချပါမစ်မှာ အိမ်အပြောင်းအရွှေ့တွင် အထား အသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ သည်မှာ မှန်ကန်ကြောင်း၊ မြေချပါမစ် မူရင်းနှင့် အဆိုပါ မြေကွက်တို့အား အခြားမည်သူ တစ်ဦးတစ်ယောက် ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထား ခြင်း၊ အာမခံအဖြစ် တင်သွင်းထား ခြင်းတို့ လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်း ပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်- ၁၁၉၉၇/ ၂၀၂၅ (၁၁-၉-၂၀၂၅)၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်နှင့် ကိုယ်တိုင် ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်/ ဆူးကြိုးကာရံထားပြီး လျှောက်ထား သူနှင့် ၎င်း၏သားဖြစ်သူ ဦးထွန်း အောင်လင်းတို့မှ ကွင်းဆင်းသိရှိ ကြောင်း လက်မှတ်ရေးထိုး တင်ပြ ထားပါသဖြင့် ဒေါ်ခင်သက်တင်မှ ပါမစ်ပျောက်ဖြင့် မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၆)၊ ဦးပိုင်အမှတ် (၇၈/၆)၊ ၅၇x၅၈ ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ LEE KYAIN CHIN (ခ) အောင်ကျော်စိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၃၂/ ၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့နွဲ့ရီ [၁၃/နခန(နိုင်) ၀၀၁၀၉၀]က အမှုတွဲ အမှတ်(၂၂၈၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်-၅၊မြေကွက်အမှတ်-၁၁၃၈ မြေကွက်တည်နေရာအမှတ်-၁၁၃၈၊(၅)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့ နယ်၊ဒေါ်မြင့်မြင့်စိန်(၁၂/မရက(နိုင်)၀၉၆၉၂၆)အမည်ပေါက်နှစ်(၆၀)ဂရန် မြေအားအမည်ပေါက်-ဒေါ်မြင့်မြင့်စိန်သည်(၁၁-၈-၂၀၂၁)နေ့တွင်ကွယ် လွန်ခဲ့သဖြင့်ဦးမျိုးချစ်(၁၂/မရက(နိုင်)၀၇၄၆၉၁)မှအမည်ပေါက်၏တရား ဝင်တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်း ကျိန်လွှာများ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)ဂရန်၊နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာ ခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်(၁)ထပ်အုတ်ညှပ်တိုက် (၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။မြေပြင်ကွင်းဆင်းစစ် ဆေးသည်ကိုသိရှိကြောင်းလျှောက်ထားသူမှလက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ဦးမျိုးချစ်မှပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်း အားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံး လုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄+၂၆ (သုမင်္ဂလာအိမ်ရာ)၊ မြေကွက်အမှတ် ၇၂+၇၃ နှင့် ၇၄၊ ဧရိယာ (၀.၁၁၆) ဧက၊ မြေကွက်တည်နေရာ အမှတ် (၂၀)၊ ဦးစံပေလမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးဇော်မင်း (KTO - ၀၄၆၅၁၄)၊ ဦးအောင်သန်း (ခ) စုကြိုး (KTO - ၀၄၆၅၁၅) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဇော်မင်း (ခင်ပွန်း) သည်(၂၆-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်း (၁၂/သဃက(နိုင်) ၁၀၅၇၈၄) က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံ ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ် (၃၄၁၂/ ၁၇-၃-၂၀၂၆)၊ ထောက်ခံကျမ်း ကျိန်လွှာ (၂) စောင်၊ ဂရန်ပျောက် ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ကျန်အမည် ပေါက် ဦးအောင်သန်း (ခ)စုကြိုး၏ ပူးတွဲ၍ ဂရန်ပျောက်ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်နိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်
သွေးဖြင့်
အသက် ကယ်ပါ

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



နမ့်စန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(c)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၁,၉၃၃ ဧကရှိသောနယ်မြေကို **"နမ့်စန်ကြိုးပြင်ကာကွယ်တော"** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား/အမျိုးသမီး) Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

အားကစားရေးရာ ဝန်ကြီးဌာနအားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ (C)၌ ကျင်းပသည်။



စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✪

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၄ ဒုတိယနေ့တွင် နှစ်ပွဲစလုံး သရေကျ



Falcon အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၄ ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက်က ဆက်လက်ကျင်းပရာ နှစ်ပွဲစလုံး သရေကျခဲ့သည်။

ဗဟန်းခြက်ခင်းတုကွင်း၌ ကျင်းပသည့် ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရကာ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် လူငယ်အသင်းသည် ယခုရာသီတွင် ရုန်းကန်နေရပြီး သရေပွဲ ထပ်မံကြုံတွေ့ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✻

ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်ယူအသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး လိုက်ပ်ဇစ်အသင်း ရှုံးပွဲကြုံတွေ့

၂၀၂၆–၂၀၂၇ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်ယူအသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဘိုဒိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဂါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍




ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘိုဒိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း–အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ် တောင်ပိုင်း– အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းရိုးတန်း–ဩရိသ ပြည်နယ်တောင်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/၈လ



အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း အရေးနိမ့်

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၂၆–၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲဖြစ်သည့် လာအိုကလပ် Ezra အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့၏ ပထမအကျော့ကို စက်တင်ဘာ ၁၁ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ လာအိုကလပ် Ezra အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ■



ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နှစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ် စာမျက်နှာ » ၁၂

ဆန်စက်များ ညအချိန်တွင် လည်ပတ်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျလာ စာမျက်နှာ » ၁၇

ဝေါမြို့နယ်၌ ငွေကျပ် ၃၆၇၅ သိန်း တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၂၃၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ စာမျက်နှာ » ၁၉